# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

**၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၉)ရက် ၊ သောကြာနေ့ ၊ (28-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၁၂)**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ တာဝန်အပ်နှင်းရွေးချယ်ဖို့ မဲရုံသွားလို့ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိ




ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံလေပိုင်နက်အတွင်းသို့ စတင်ဖြတ်သန်းဝင်ရောက်လာရာ မြန်မာ့တပ်မတော်(လေ)မှ စတုတ္ထမျိုးဆက်လွန် Su-30 SME ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ်သုံးစင်းက လိုက်ပါခြံရံပျံသန်းကြိုဆိုခဲ့ပြီး နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိဆင်းသက်သည်။

လေဆိပ်သို့ ရောက်ရှိစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် **စာမျက်နှာ ၁၈ ကော်လံ ၁**

## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်ထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၂၈ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် မြန်မာU-17အမျိုးသားဘောလုံးအသင်းနှင့် အိုမန်U-17 အမျိုးသားဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်

အယ်ဒီတာ့အာဘော်

# စိတ်ရောကိုယ်ပါကျန်းမာရေး နေ့စဉ်လမ်းလျှောက်ပေး

လူတို့၏ကိုယ်ခန္ဓာနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာစေရေးတွက် နေ့စဉ်လမ်းလျှောက်ကြရမည်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ကိုယ်အလေးချိန်ကို လျှော့ချပေးပြီး အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်။ နေ့စဉ် ပုံမှန်လမ်းလျှောက်သူများသည် လမ်းမလျှောက်သူများထက် သက်လုံကောင်းပြီး မမောခံနိုင်ပေသည်။ စိတ်ရောကိုယ်ပါကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရာတွင် အများအားဖြင့် လမ်းလျှောက်ခြင်းသည် လူကြီး၊ လူငယ်များ လုပ်ဆောင်ကြရမည့် အားကစားနည်းတစ်ခုဖြစ်သည်။

ကိုယ်လက်လှုပ်ရှား အားကစားနည်းပေါင်းများစွာထဲတွင် လမ်းလျှောက်ခြင်းသည် အလွယ်ကူဆုံးနှင့်ငွေကုန်ကြေးကျ အသက်သာဆုံး အားကစားနည်းဖြစ်သည်။ ကုန်ကျစရိတ်မရှိသလောက်ဖြစ်ပြီး လမ်းလျှောက်ခြင်းမှရနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများမှာ များပြားလှပေသည်။

လမ်းလျှောက်ခြင်းသည် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို အထောက်အကူပြုနိုင်သကဲ့သို့ စိုးရိမ်ပူပန်မှု၊ စိတ်ဓာတ်ကျမှုနှင့် အနုတ်သဘောပြခံစားချက်များကို လျော့ကျစေနိုင်ပါသည်။ လမ်းလျှောက်ခြင်းဖြင့် မိမိကိုယ်ကို ယုံကြည်မှု၊ လေးစားမှု တိုးပွားစေပြီး လူမှုရေးယုတ်လျော့သည့် လက္ခဏာများကိုလည်း လျော့နည်းစေပါသည်။ ဒူးနှင့်တင်ပါး အပါအဝင် အဆစ်များကို ကာကွယ်နိုင်သည်။ လမ်းလျှောက်ခြင်းသည် အဆစ်ကိုထောက်ပံ့သည့် ကြွက်သားများအဆင်ပြေပြီး သန်မာစေရန် ကူညီပေးပါသည်။ ထို့ကြောင့် တစ်ရက်လျှင် ခြေလှမ်းရေ ၁၀၀၀၀ ခန့် လမ်းလျှောက်ပေးပါက ခန္ဓာကိုယ်တစ်လျှောက်ရှိကြွက်သားများ၏တင်းအားကို တိုးမြင့်စေမည်ဖြစ်သည်။

ထို့ပြင် အအေးမိခြင်းနှင့် တုပ်ကွေးရောဂါဖြစ်စေမှုကိုလည်း လျော့ကျစေပါသည်။ လေ့လာမှုတစ်ခုအရ တုပ်ကွေးရာသီတွင် အရွယ်ရောက်သူ ၁၀၀၀ ကို ခြေရာခံစောင့်ကြည့်ခဲ့သည်။ တစ်ရက်လျှင် မိနစ် ၃၀ မှ ၄၅ မိနစ်ကြား ပုံမှန်မဟုတ်ဘဲ ခပ်သွက်သွက်မြန်မြန် လမ်းလျှောက်ခဲ့သူများသည် ဖျားနာနေသောရက်များ ၄၃ ရာခိုင်နှုန်းအထက်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးပါသည်။

လမ်းလျှောက်ခြင်းသည် အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းတစ်ခုဖြစ်သဖြင့် တာဝန်ဝတ္တရားတစ်ရပ်အဖြစ်မှတ်ယူပြီး နေ့စဉ် သတိတရ စနစ်တကျ အချိန်မှန်မှန် ပြုလုပ်သင့်ပေသည်။ တစ်ဦးတည်းဖြစ်စေ၊ မိသားစုနှင့်ဖြစ်စေ၊ သူငယ်ချင်းများနှင့်ဖြစ်စေ နေရာမရွေး၊ အချိန်မရွေး လွတ်လပ်ပေါ့ပါးစွာ ပြုလုပ်ဆောင်ရွက်နိုင်ပေသည်။ နေ့စဉ် မိနစ် ၃၀ ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်သည်။

ယခုကဲ့သို့သော ဆောင်းဥတုကာလတွင် လူကြီး၊ လူငယ်မရွေး နံနက်စောစော လမ်းလျှောက်သင့်ပေသည်။ နံနက်စောစော လမ်းလျှောက်ခြင်းသည် လူ့ခန္ဓာကိုယ်၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးသွားမည်ဖြစ်ပြီး တစ်နေ့တာလုပ်ငန်းစဉ်များကို ပင်ပန်းနွမ်းနယ်ခြင်းမရှိဘဲ လုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ လေ့လာတွေ့ရှိချက်အရ နံနက်ခင်းလမ်းလျှောက်ခြင်းကြောင့် တစ်နေ့တာလုံးတက်ကြွလန်းဆန်းနေမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ကျန်းမာခြင်းသည် လူတိုင်းအတွက် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကျန်းမာနေသူတစ်ဦးသည် စိတ်သွားတိုင်းကိုယ်ပါနိုင်ပြီး ကိုယ်လက်လှုပ်ရှားအားကစား၊ တစ်နည်းအားဖြင့် လမ်းလျှောက်ခြင်းအလုပ်ကို လုပ်ဆောင်မှုနည်းပါးသူသည် နှလုံး၊ ဆီးချို၊ သွေးတိုး၊ ကင်ဆာ၊ စိတ်ကျရောဂါနှင့် အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားစေသည်။ ထိုကဲ့သို့သော ရောဂါများမဖြစ်ပွားစေရန် ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
ရက်
၃၀
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာ ထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၀၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၀၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၅ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၁၀၅၈ ကေ၊ မြောင်မြို့နယ်တွင် ၉၆၅ ကေ စုစုပေါင်း ၂၀၂၃ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကြက်သွန်နီ ကေ ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၀၂ ကေ၊ မြင်းမူမြို့နယ်တွင် ကေ ၁၁၁၀၊ မြောင်မြို့နယ်တွင် ၁၈၅၃ ကေ စုစုပေါင်း ၄၇၆၅ ကေတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဇလွန် နိုဝင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း နှံ့ကားစပါး တင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက နှံ့ကားစပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း နှံ့ကားစပါး တင်းရေ ၇၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံ့ကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၂၄၀၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ရန်ကုန်ဈေးကွက်ကို နှံ့ကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံ့ကားစပါးက ဆန်ကြမ်း အုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ နှံ့ကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်"ဟု ဇလွန်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဇလွန်မြို့နယ်မှ အဆိုပါ ဒေသထွက်နှံ့ကားစပါးများ ရန်ကုန်ဈေးကွက်သို့ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ အဆင်ပြေနေကြောင်း ဇလွန်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သီရိက ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ




**မန္တလေး နိုဝင်ဘာ ၂၇**

၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးမြို့တော်ခန်းမတွင် ကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ အသင်း၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက် တာလှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် နှစ်စဉ်ကျင်းပနေကြောင်း၊ ကုလသမဂ္ဂအနေဖြင့် နှစ်စဉ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ် အကြမ်းဖက်မှု ပပျောက်ရေးအားလုံး ပူးပေါင်းဆောင်ရွက်ပေး" ဖြစ်ကြောင်း၊ ဒီဂျစ်တယ်ကဏ္ဍမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးများကို ကာကွယ်ခြင်းဖြင့် အွန်လိုင်းနှင့်နည်းပညာဆိုင်ရာ ကျား၊ မ အခြေပြုအကြမ်းဖက်မှုများ ကိုင်တွယ်ဖြေရှင်းခြင်းတို့၏ အရေးပါမှုကို မီးမောင်းထိုးပြခြင်း ဖြစ်ပါကြောင်း၊ အမျိုးသမီးများအနေဖြင့် နည်းပညာလက်လှမ်းမီရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်သည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမီ အသုံးပြုနိုင်မည်ဆိုပါက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပိုမိုလုပ်ကိုင်လာနိုင်မည်ဖြစ်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးသက်ရောက်လာမည်ဖြစ်ကြောင်း၊ မိန်းကလေးငယ်များအပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးတို့ကို အားလုံးဝိုင်းဝန်းပူးပေါင်းကာ မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်ပြသသည့်အသိပညာပေး Video Clip၊ လူမှုဝန်ထမ်းဦးစီးဌာနရှိ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ နားမကြားသောကလေးများကျောင်း၊ ပြည်လုံးချမ်းသာပရဟိတဂေဟာ၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ ရေိပ်မွန် အမျိုးသမီးပရဟိတဂေဟာတို့မှ အမျိုးသမီးငယ်ကလေးများ၏ ဂုဏ်ပြုသီဆိုတေး သရုပ်ဖော်ကပြမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၁၃၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၁၃၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၉၇၆၇ ကေစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၁၄၀၅၅ ကေ၊ ဝန်းသိုမြို့နယ်တွင် ၉၀၀၅ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၅၁၃၂ ကေ စုစုပေါင်း ၂၈၁၃၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းကေ ၂၉၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ဆူးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ဝမ်းတွင်း နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆူးဖြူကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၇ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူငါးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၇ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၂သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြန်အောင်မြို့နယ်တွင် ဒေသထွက်တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက် တိုင်ထောင်ပဲသီးများ ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး လက်ရှိ တစ်ရက်လျှင် တိုင်ထောင်ပဲသီးပိဿာ ၂၅၀၀ မှ ၅၅၀၀ ထိ ဝယ်ယူမှုကောင်းမွန်လာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီး တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ တိုင်ထောင်ပဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတာပါ။ လက်ရှိ တိုင်ထောင်ပဲသီးပိဿာချိန် ၃၅၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒေသထွက်ကုန်တွေ ရောင်းချနိုင်တော့ သယ်ယူစရိတ်တွေလဲ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ အသီးအနှံတွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက တိုင်ထောင်ပဲသီး အဝယ်လိုက်နေတာဖြစ်ပါတယ်။ အဝယ်လိုက်နေတဲ့ အခုလိုဒေသထွက်ကုန် တိုင်ထောင်ပဲသီးတွေ ဝယ်ယူတာများလာတော့ စိုက်တဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများအပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဝယ်ယူအားကောင်းအရောင်းသွက်လာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အပြန်အလှန် စာနာနားလည် သည်းခံနိုင်ကြပါစေ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

သူငယ်ချင်းရေ... မင်းက ရာသီအလိုက်နဲ့ ကိုက်ညီတဲ့ ဆောင်ဖို့ရှောင်ဖို့တွေကိုလဲ အခါအားလျော်စွာ ရေးသားနေတာပဲနော်။

ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ဆရာကြီးဇေယျရဲ့ စကားအရ မင်းသိအောင်ပြောပြရအုံးမယ်။ ခေတ်စနစ်နဲ့ လူမှုပတ်ဝန်းကျင်ကို ထင်ဟပ်ပြီး ရေးသားနိုင်စွမ်းရှိမှ စာနယ်ဇင်းသမား၊ စာရေးဆရာ ပီသမယ်တဲ့ကွ။ ဆိုလိုတာကကွာ မျက်မှောက်ခေတ် ဖြစ်ပျက်နေတာတွေထဲက ပြည်သူတွေအကျိုးရှိစေတဲ့ သတင်းဆောင်းပါး စာပေတွေကို ရေးသားပေးကြဖို့ သတိပေးခဲ့တာပဲကွ။ ဒါကြောင့် ငါ့အနေနဲ့ ရာသီပေါ်အကြောင်းခြင်းရာတွေကို ရေးသားနေရသလို တစ်ခါတစ်ရံမှာ နယ်ကစာဖတ်ပရိသတ်တွေ မေးမြန်းအကြံတောင်းခံထားတာတွေကိုလဲ ဖြေကြားပေးရင်းက အခြားပြည်သူတွေလဲ ဗဟုသုတရအောင်ရေးသား မျှဝေပေးနေတာပဲကွ။

ဩော်...ဒီလိုလား။ နယ်ရော၊ မြို့ပါ အချို့ခေတ်ပညာတတ်တွေပါ၊ ဥပဒေရေးရာတွေနဲ့ ပတ်သက်လို့ ကိုယ်တွေ့မကြုံဖူးကြတော့ လုံးဝမသိကြဘူးကွ။ အချို့ကလဲ ဝိုးတိုးဝါးတားသာ သိကြတာ။ အတွေ့အကြုံရှိတဲ့ မင်းတို့လို ပညာရှင်တွေက ရေးပြ၊ ပြောပြမှ သိကြရမှာကွ။

ဟော့ကောင်...ငါက ပညာရှင်မဟုတ်ဘူး။ ငါက မှုခင်းအယ်ဒီတာအဖြစ် ၂၃ နှစ်သက်တမ်း လုပ်ငန်းသဘောအရ နေ့စဉ်ကြုံတွေ့နေရတော့ လေ့လာမှတ်သား ရေးသားရင်းက နားလည်သဘောပေါက်လာခဲ့တာပါကွာ။ စာရေးဆရာဆိုတော့လဲ စာပေကုန်ကြမ်းအဖြစ် စုစည်းသိမ်းဆည်းထားရတာပေါ့။ ဒီတော့ကာ အခါအခွင့်သင့်တာနဲ့ အဆင်သင့်ချရေးလို့ရတာပေါ့ကွာ။ စာရေးဆရာပဲဖြစ်ဖြစ်၊ သတင်းစာဆရာပဲဖြစ်ဖြစ်၊ သုတစာပေ၊ အကျိုးပြုစာပေတွေကို ရေးသားကြမယ်ဆိုရင် အချက်အလက်၊ အထောက်အထား၊ အကိုးအကား ခိုင်မာမှုရှိကြရတယ်ကွ။ အချက်အလက်၊ အကိုးအကား၊ အထောက်အထား မခိုင်မာရင်မြားဦးက ကိုယ့်ဘက် ကိုယ်လှည့်လာတတ်တယ်။ အဲဒီလိုမြားဦးလှည့်ဒဏ်ခံကြရတဲ့ မှုခင်းဖြစ်ရပ်တွေကို မင်းလဲ မြင်တွေ့ကြားသိနေတာပဲ မဟုတ်လား။

စကားစပ်မိလို့ ပြောရအုံးမယ်။ နယ်အသီးသီးက စာဖတ်ပရိသတ်တွေဟာ ငါရေးသားတဲ့ မှုခင်းဗဟုသုတပေး ဆောင်းပါးတွေကိုဖတ်ရှုပြီး တိုက်ဆိုင်မှုရှိတာတွေကို မေးမြန်းလေ့လာနေကြသလို သူတို့ကြုံတွေ့ကြရတဲ့ ပြဿနာတွေနဲ့ပတ်သက်လို့ ဘာလုပ်သင့်တယ်။ ဘာဖြစ်သင့်တယ်။ ဘာကို ဘယ်လိုလုပ်ရင် ဘယ်လို ရလဒ်ထွက်လာနိုင်တယ်။ အလားအလာကောင်းမကောင်း အကြံဉာဏ်တောင်းခံလေ့ရှိကြတယ်ကွ။ ငါကလဲ အတွေ့အကြုံအရ ဖြစ်နိုင်ခြေရှိတာတွေ၊ အလားအလာကောင်းမကောင်း၊ ပြဿနာမကြီးထွားစေဘဲ ပြေလည်ရာပြေလည်ကြောင်း၊ ငါစွမ်းဆောင်နိုင်သမျှ အကြံဉာဏ်ကောင်းတွေကို ပေးနေခဲ့တာပဲကွ။

အဲဒီလိုသိချင်လို့ မေးမြန်းကြသူတွေထဲမှာ မင်းရေးနေတဲ့ မှုခင်းရှုထောင့်ဂျာနယ်ထဲက မှုခင်းပညာပေးဆောင်းပါးတွေနဲ့ မင်းရေးသားထုတ်ဝေထားတဲ့ ကြိုတင်ကာကွယ် မှုခင်းကြီးငယ် အသွယ်သွယ် စာအုပ်ကို မဖတ်မိကြလို့နဲ့ တူပါတယ်ကွာ။

မဖတ်မိသူတွေပါသလို အပတ်စဉ်စောင့်ဖတ်နေကြသူတွေလဲ ပါတယ်ကွ။ သံဃာတော်တွေတောင်ပါတယ်။ သံဃာတော်တွေကတော့ သူတို့ကျောင်းမှာလာပြီး လိမ်ညာသွားတာကို ပြောပြကြသလို သူတို့ကလဲ နယ်က ဒါယကာ၊ ဒါယိကာမတွေ အလိမ်အညာမခံကြရအောင် တစ်ဆင့်တောင် ဖတ်ပြရှင်းပြပေးကြတယ်ကွ။ နှစ်ဦးနှစ်ဝအကျိုးမျှကြတာပေါ့ကွာ။ အပြန်အလှန်မျှဝေရကျိုးနပ်ကြတာပေါ့။

ပြောလက်စနဲ့ပြောရအုံးမယ်။ ငါ့ရုံးပိတ်ရက်၊ ငါ့နားရက်မို့ အိမ်မှာ အနားယူနေတုန်း၊ အနားယူတယ်ဆိုတာ ဇိမ်နဲ့နေရတာမဟုတ်ပါဘူးကွာ။ တောင်းစာမူဝတ္ထုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်ကို ဆက်တိုက်ရေးသားနေရတာကွ။ အဲဒီအချိန်မှာ (xxx )တိုင်းဒေသကြီးထဲက မြို့နယ်ကြီးတစ်မြို့နဲ့ သိပ်မဝေးကွာလှတဲ့ တိုက်နယ်ကျေးရွာကြီးတစ်ရွာက ကျောင်းကြီးတစ်ကျောင်းက အလွဲသုံးစားမှုတွေ၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုတွေ လုပ်နေတာကို ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ ငါ့ဆီကိုလှမ်းပြီး အကြံဉာဏ်တောင်းခံခဲ့တယ်ကွ။

**❖ စွပ်စွဲသူတွေဘက်ကမှားနေပြီး တိုင်ကြားခံရသူဘက်က မှန်ကန်နေရင်လဲ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်သည်းခံပြီး စုပေါင်းပါဝင်ကူညီလာကြအောင် ဆွဲဆောင်စည်းရုံးသင့်ကြတယ်ကွ။ အပ်နဲ့ထွင်းရမဲ့ပြဿနာကို ပုဆိန်နဲ့ထွင်းရမဲ့ကိန်း ဆိုက်ရောက်မသွားအောင် တာဝန်ရှိအဖွဲ့အစည်းအသီးသီးနဲ့ ဆန္ဒသဘောထားတူညီစွာ ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးညှိနှိုင်းလိုက်ကြရင် ကြီးတဲ့အမှုငယ်သွားမယ်။ ငယ်တဲ့အမှု ပပျောက်သွားမယ်။ ငွေကုန်လူပန်းဒုက္ခတွေလဲ လျှော့နည်းကင်းစင်သွားနိုင်တယ်ကွ။ ❖**

ဘာတွေအလွဲသုံးစားလုပ်ပြီး ဘယ်လိုပြည်သူပိုင်ပစ္စည်းတွေကို ဖျက်ဆီးနေလို့လဲကွ။

ငါ့ကိုဖုန်းဆက်အကူအညီတောင်းခံသူရဲ့နာမည်နဲ့တာဝန်ကိုတော့ ငါမမေးမိလိုက်ပါဘူး။ ဒါပေမဲ့ သူက မွန်မွန်ရည်ရည်နဲ့ ဆွေးနွေးပြတာပါ။ အဲဒီရွာက ကျောင်းအုပ်ဆရာကြီးက မထိမဲ့မြင်သဘောနဲ့ထင်ရာလုပ်နေကြတာတွေကို မခံချင်လွန်းလို့ ဘာဆက်လုပ်ရင်ကောင်းမလဲဆိုတာ အကြံဉာဏ်တောင်းခံတာပါတဲ့။ ကျောင်းရဲ့မိဘဆရာအသင်းနဲ့ ကျောင်းအကျိုးဆောင်အဖွဲ့က ရရှိထားတဲ့ငွေတွေကို ကျောင်းအုပ်ဆရာကြီးက ဘဏ်မှာငွေမသွင်းဘဲ ကျောင်းတွင်းမှာရှိကြတဲ့ ဆရာ၊ ဆရာမတွေကို ငွေတိုးချေးစားနေတယ်တဲ့။ လစဉ်လခထုတ်တိုင်း ကျောင်းအုပ်ဆရာကြီးရဲ့ လူယုံတော်ကျောင်းဆရာ ဦးxxx က စာအုပ်ကြီးတစ်အုပ်နဲ့ ကောက်ခံနေတယ်တဲ့၊ ကျောင်းသူကျောင်းသားတွေလဲ သိကြသလို ဆရာ၊ ဆရာမတချို့လဲ သိကြတယ်တဲ့။ ကျောင်းအားကစားကွင်း (ဘောလုံးကွင်း)ထဲက ဂိုးတိုင်တွေကိုလဲ ဖယ်ရှားပြီး ဘောလုံးကန်စရာမလိုဘူးလို့ ကြိမ်းမောင်းထားတယ်တဲ့။ အဲဒီကိစ္စကို ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ အကြံဉာဏ်တောင်းခံတာကွ။

မင်း စဉ်းစားကြည့်လေ။ ငါ့ဆီကို အကူအညီတောင်းခံသူဟာ ဘယ်သူဆိုတာလဲ ငါမသိသလို၊ သူ့တာဝန်ကိုလဲ ငါမသိဘူး။ အဲဒီလိုပဲ အဲဒီကျောင်းက ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာ၊ ဆရာမတွေကိုလဲ ငါလုံးဝမသိဘူး။ အဲဒီမြို့နယ်မှာ တို့ရုံးက ရုံးခွဲတာဝန်ခံအပါအဝင် မှုခင်းသတင်းထောက်တွေလဲ ရှိနေကြတယ်။ ငါ့အနေနဲ့ ဘယ်သူ့ဘက်မှ ဘက်မလိုက်ဘဲ အမှန်တရားလမ်းကြောင်းကိုကြည့်ပြီး သုံးသပ်ဖြေပေးလိုက်တယ်ကွ။

ပြောစမ်းပါအုံးကွာ။ ဘယ်လိုအဖြေပေးလိုက်သလဲ။

ငါ့မှာ အလားတူဖြစ်ရပ်တွေနဲ့ ပတ်သက်တဲ့ တရားရုံးစီရင်ထုံးတွေရှိနေတယ်ကွ။ စီရင်ထုံးဆိုတာ တရားရုံးတွေ၊ တရားသူကြီးတွေ၊ ရှေ့နေတွေ လက်ကိုင်ကျင့်သုံးရတဲ့ တရားရုံးဆုံးဖြတ်ချက်သာဓကတွေပဲကွ။ ဒါကြောင့် အကြံဉာဏ်တောင်းခံသူကို ရှင်းပြလိုက်တယ်။

ငါက ကျောင်းပိုင်ငွေတွေကို ငွေတိုးချေးစားနေတာ သက်သေအခိုင်အမာရှိသလား။ ကျောင်းအားကစားကွင်းက ဘောလုံးကွင်း ဂိုးတိုင်တွေကို ဖျက်ပစ်ပြီး ဘောလုံးမကန်ရတော့ဘူးလို့ ပြောတာဟာ သေချာရဲ့လား။ သက်သေတွေက လက်မှတ်ထိုးရဲသလား။ အားလုံးသေချာရင် အဲဒီကျောင်းမှာရှိတဲ့ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်တွေကို အသိပေးညှိနှိုင်းပြီးပြီလား။ အဲဒီလို ညှိနှိုင်းဆွေးနွေးလို့မှ မပြေလည်ရင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဆီရယ် သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းပညာရေးမှူးနဲ့ သက်ဆိုင်ရာတွေဆီကို တင်ပြပါ။

အကယ်၍ မိမိဘက်က တင်ပြတာ မခိုင်မာရင် မပိုင်နိုင်ရင် ကိုယ့်ရှူးကိုယ်ပတ်၊ မြားဦးက ကိုယ့်ဘက်လှည့်ပြီး အရေးယူခံရမယ်လို့ ရှင်းပြခဲ့တယ်။ တရားရုံး စီရင်ထုံးတွေကို ဖုန်းခအကုန်အကျခံပြီး စိတ်ရှည်လက်ရှည် နားလည်အောင် ဖျောင်းဖျနားချခဲ့တယ်။ ပထမစီရင်ထုံးက ကျောင်းအုပ်ဆရာမကြီးက ကျောင်းရဲ့ မိဘဆရာ အသင်းငွေတွေနဲ့ ကျောင်းပိုင်ပစ္စည်းတွေကို သူတစ်ဦးတည်း သဘောထားနဲ့ လုပ်ချင်သလိုလုပ်နေတယ်လို့ တိုင်ကြားတာကို မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်က အဆင့်ဆင့်စစ်ဆေးခဲ့တဲ့အခါမှာ တိုင်ကြားသူတွေဟာ တင်ပြတိုင်ကြားချက် မခိုင်မာလို့ သူတို့ကို အရှုံးပေးခဲ့တယ်။ အဲဒါကို မကျေနပ်လို့ ဗဟိုတရားရုံးထိ အယူခံဝင်တက်တဲ့ အခါမှာလဲ အထောက်အထား အခိုင်အမာမပြနိုင်တဲ့အတွက်ကြောင့် တိုင်ကြားသူတွေ ပြစ်ဒဏ်ကျခံခဲ့ကြရတဲ့ သာဓကရှိခဲ့တယ်။

ဒါပေမဲ့ အထောက်အထား အခိုင်အမာပြနိုင်ခဲ့တဲ့ သာဓကတစ်ရပ်လဲ ရှိခဲ့တယ်။ အဲဒီစီရင်ထုံးကလဲ စိတ်ဝင်စားဖို့ကောင်းတယ်။ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူတွေ၊ အသင်းအဖွဲ့တွေ၊ စံနမူနာယူကြရမဲ့ စီရင်ထုံးပဲကွ။ ၂၀၀၈ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ တရားစီရင်ထုံးများ၊ စာမျက်နှာ ၅၉ မှာ ဖော်ပြထားတာကွ။

အမှုရဲ့ဖြစ်ရပ်ကတော့ ဒီလိုကွ။ နွားထိုးကြီးမြို့နယ် xxx ကျေးရွာအုပ်စု၊ xxx ကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ် xxx ကို အဲဒီရွာမှာနေတဲ့ ဦးxxx နဲ့ ဦးxxx တို့က မဟုတ်မမှန်လုပ်ကြံပြီး ပညာရေးဝန်ကြီးဌာနကို တိုင်တန်းခဲ့ကြလို့ မန္တလေးတိုင်း ပညာရေးမှူးရုံး တာဝန်ရှိသူတွေက စုံစမ်းစစ်ဆေးခဲ့ကြတယ်။ ကျောင်းအုပ်ဆရာမကြီး ဒေါ် xxx လဲ သူ့ရဲ့ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းအောင် မဟုတ်မမှန် တိုင်ကြားသူ ဦးxxx နဲ့ ဦး xxx တို့ကို အရေးယူပေးဖို့ ဦးတိုက်လျှောက်ထားခဲ့တယ်။


“ဒေါ်xxx ရဲ့ ဦးတိုက်လျှောက်ထားချက်အရ နွားထိုးကြီးမြို့နယ် တရားရုံးက တရားခံ ဦးxxx နဲ့ ဦးxxx တို့နှစ်ယောက်ကို ပုဒ်မ ၅၀၀ အရ အလုပ်မဲ့ထောင်ဒဏ် တစ်နှစ်စီ ချမှတ်ခဲ့တယ်။ အဲဒါကို မကျေနပ်ကြတဲ့ ဦးxxx နဲ့ ဦးxxx တို့ဟာ မြင်းခြံခရိုင်တရားရုံးနဲ့ မန္တလေးတိုင်း တရားရုံးတွေထိ အယူခံဝင်၊ ပြင်ဆင်မှုတွေလျှောက်ထားခဲ့ကြတယ်။ ဒါပေမဲ့ အကျဉ်းနည်းနဲ့ ပလပ်ခဲ့တယ်။ ပယ်ချခံခဲ့ကြရတယ်။ ဒါကြောင့် တရားခံလို့ အစွပ်အစွဲခံကြရသူတွေဟာ တရားရုံးချုပ်(မန္တလေးရုံးထိုင်)ကို ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၄၃ (ခ)/၂၀၀၇ နဲ့ တင်သွင်းခဲ့တာမှာ ထပ်မံပြီး ပလပ်ခံခဲ့ကြရပြန်တယ်။ ဒါကြောင့် နောက်ဆုံးအဆင့်အနေနဲ့ အထူးအယူခံခွင့်ရရှိဖို့ ပြစ်မှုဆိုင်ရာအထွေထွေ(အထူး)အမှတ် (၇၂) ၂၀၀၈ ကို လျှောက်ထားခဲ့တဲ့အခါ မူလမြို့နယ် တရားရုံးရဲ့အမိန့်ကို ဆက်လက်အတည်ပြုတဲ့ တရားရုံးချုပ် (မန္တလေးရုံးထိုင်)ရဲ့ အမိန့်ဟာ မျှတမှန်ကန်မှုမရှိဘူးလို့ သုံးသပ်ပြီး ပြန်လည်ကြားနာဆုံးဖြတ်ဖို့ ခွင့်ပြုခဲ့တယ်။

အဲဒီအဆင့်မှာ စိတ်ဝင်စားစရာကောင်းတာက နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်ခဲ့တဲ့ ရှေ့နေချုပ်ရုံးက ညွှန်ကြားရေးမှူးက တရားလိုကျောင်းအုပ်ဆရာမကြီး ဒေါ်xxx ဘက်က လိုက်ပါလျှောက်လဲချက်ပဲကွ။ ကျောင်းအုပ်ဆရာမကြီး ဒေါ်xxx ဟာ သူတို့တိုင်ကြားသလို စွပ်စွဲသလိုမဟုတ်ကြောင်း တစ်ချက်ချင်း ရှင်းပြလျှောက်ထားခဲ့တယ်။ ဒါပေမဲ့ အဲဒီလိုအချိန်မှာ ပြဿနာရဲ့အဓိကဖြစ်တဲ့ ကျောင်းအုပ်ဆရာမကြီး ဒေါ်xxx ဟာ ရုံးခေါ်စာအတည်ဖြစ်ပေမဲ့ ရုံးရှေ့ကိုလာရောက်လျှောက်လဲခြင်းမရှိခဲ့ဘူးတဲ့ကွ။

တစ်ဖက်က သက်သေတွေ အစုံအလင်ကို စစ်ဆေးခဲ့တဲ့အခါမှာ ကျောင်းအုပ်ဆရာမကြီးဟာ ကျောင်းမှန်မှန်မတက်ကြောင်း၊ မူလတန်းလွန် ကျောင်းဖြစ်ပေမဲ့ ဒေါ်xxx ဟာ အတန်းကြီးများကို မသင်ကြားဘဲ မူလတန်းများကိုသာ သင်ကြားကြောင်း၊ တောင်သူလုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်းနဲ့ ထော်လာဂျီလုပ်ငန်းတွေကိုသာ ဒေါ်xxx က လုပ်ကိုင်နေကြောင်း၊ အဲဒီလုပ်ငန်းတွေကို သူ့ရဲ့ခင်ပွန်းက လုပ်ကိုင်နေတယ်ဆိုပေမဲ့ ဒေါ်xxx က ကျောင်းလုပ်ငန်းတွေကို စိတ်မဝင်စားဘဲ စီးပွားရေးလုပ်ငန်းကိုသာ စိတ်ဝင်စားနေကြောင်း၊ တစ်ခါတစ်ရံ ကျောင်းမတက်ကြောင်း၊ ကျောင်းနယ်နိမိတ်မြေနဲ့ကပ်နေတဲ့ ရွာပိုင်မြေကို ရောင်းချခဲ့တာဟာ ဒေါ်xxx တစ်ဦးတည်းရဲ့ သဘောနဲ့ရောင်းချခဲ့တာ မဟုတ်ပေမဲ့ ဒေါ်xxx ခေါင်းဆောင်ပြီး ရောင်းချခဲ့ကြောင်း၊ ရွာသားများကလဲ သဘောမတူကြောင်း၊ အခုတော့ ရွာမြေအဖြစ် ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်း၊ တိုင်ကြားချက်ဟာ မမှန်ကန်တဲ့ အကြောင်းခြင်းရာအပေါ် မူတည်တယ်လို့မဆိုနိုင်ဘဲ ကျောင်းသူကျောင်းသားများနဲ့ ကျောင်းရဲ့အကျိုးအတွက် သဘောရိုးနဲ့ တိုင်ကြားတာပါလို့ တရားခံများရဲ့ တင်ပြချက်ဟာ အကြောင်းအကျိုးခိုင်လုံတယ်။ ဒါကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၉ ပထမကင်းလွတ်ချက်နဲ့ အကျုံးဝင်တယ်။ ဦးxxx နဲ့ ဦးxxx တို့ကို ပုဒ်မ ၅၀၀ အရ အလုပ်မဲ့ထောင်ဒဏ် တစ်နှစ်စီ ချမှတ်ခဲ့ကြတဲ့ မူလရုံးအမိန့်နဲ့ အဲဒီအမိန့်ကို အတည်ပြုပေးခဲ့ကြတဲ့ တရားရုံးအဆင့်ဆင့်တို့ရဲ့ အမိန့်တွေကို ပယ်ဖျက်ပြီး တရားခံနှစ်ဦးကို အမှုက နေပြီး အပြီးအပြတ်လွှတ်စေဖို့ အမိန့်ချမှတ်ခဲ့တယ်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်း တယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော် မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက် လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာ စေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျ လေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူ မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက စိုက် ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၀၀၈၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စိုက်ပျိုးပြီးစီးမှုအနေနဲ့ နေကြာဧက ၄၁၅၀၊ မြေပဲဧက ၁၅၅၀၊ နှမ်းဧက ၁၄၃၈၀ စုစုပေါင်း ဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာနဲ့ ပတ် သက်ပြီး အထွက်နှုန်းတွေ ကောင်း မွန်စေဖို့အတွက် ဒေသခံတောင်သူ တွေကို ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ် စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့နဲ့ စိုက်ဧက ပြည့်မီ အောင်စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ဖို့ စတဲ့ တောင်သူပညာပေး လုပ်ငန်းတွေ ကို ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ က ပြောပြသည်။

ဆီထွက်သီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက် ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံး မှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ဆီထွက် သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက် သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

á စာမျက်နှာ ၄ မှအဆက်

အဲဒီအမှုကို စိစစ်သုံးသပ်ကြည့်ရင် တိုင်ကြားချက်တွေခိုင်မာလို့ အမှုနိုင်ခဲ့တယ်။ စောစောက ငါပြောခဲ့တဲ့ ကျောင်းအုပ်ဆရာမကြီး နိုင်သွားတဲ့အမှုကျတော့ တိုင်ကြားသူတွေကမပိုင် မသေချာလို့ အမှုရှုံး နိမ့်ခဲ့ရတယ်။ အဲဒီတရားစီရင်ထုံးနှစ်ထုံးကို ခွဲခြားစိတ်ဖြာကြည့်ရင် တိုင်ကြားသူတွေဘက်က သက်သေအထောက်အထား၊ အခိုင်အမာ ပြနိုင်ရင် တိုင်ကြားနိုင်ပါတယ်။ မပြနိုင်ရင် မတိုင်ကြားကြဘဲ အတွင်း စည်းထဲမှာပဲ အကျေအလည် ဖြေရှင်းကြသင့်တယ်ကွ။ စွပ်စွဲသူတွေက မှန်ကန်နေရင်လဲ တိုင်ကြားခံရသူဟာ ဝန်ခံတောင်းပန်ပြီးပြန်လည် ပြုပြင် ဆောင်ရွက်သင့်ကြတယ်ကွ။ စွပ်စွဲသူတွေဘက်က မှားနေပြီး တိုင်ကြားခံရသူဘက်က မှန်ကန်နေရင်လဲ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်သည်းခံပြီး စုပေါင်းပါဝင်ကူညီလာကြအောင် ဆွဲဆောင် စည်းရုံးသင့်ကြတယ်ကွ။ အပ်နဲ့ထွင်းရမဲ့ပြဿနာကို ပုဆိန်နဲ့ထွင်း ရမဲ့ကိန်း ဆိုက်ရောက်မသွားအောင် တာဝန်ရှိ အဖွဲ့အစည်းအသီးသီးနဲ့ ဆန္ဒသဘောထားတူညီစွာ ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေး ညှိနှိုင်းလိုက်ကြရင် ကြီးတဲ့အမှုငယ်သွားမယ်။ ငယ်တဲ့အမှု ပပျောက် သွားမယ်။ ငွေကုန်လူပန်းဒုက္ခတွေလဲ လျော့နည်းကင်းစင်သွားနိုင် တယ်ကွ။ အဲဒီအချက်တွေကိုပဲ ငါက လိုတိုရှင်းရှင်းပြ အကြံဉာဏ် ပေးခဲ့တယ်ကွ။

မင်းပေးတဲ့ အကြံဉာဏ်ဟာ မျှတပါတယ်။ ဘယ်သူ့ဘက်မှ ဘက်မလိုက်ဘဲ ရှင်းပြအကြံပေးတာကို လက်ခံဖြေရှင်းလိုက်ရင် ကျေလည်သွားကြမှာပါ။ ဒါပေမဲ့ ပုဂ္ဂိုလ်ရေးအာဃာတတွေ၊ ရန်ငြိုးရန် ဘက် တွေဖြစ်နေကြရင်တော့ မလွယ်ဘူးကွ။ ငါစဉ်းစားမိတာက အကယ်၍ မင်းဆီကို အကြံတောင်းခံသူက စွပ်စွဲတဲ့အတိုင်း ကျောင်းအုပ် ဆရာကြီးနဲ့ ဆရာ၊ ဆရာမတချို့က မတရားကျူးလွန်နေကြရင်တော့ မသင့်တော်တာပဲကွ။ ဆရာ၊ ဆရာမတွေရဲ့ သိက္ခာကို အတ္တကြောင့် ထိခိုက်စေတယ်ကွ အမှန်ပဲကွ။

တပည့်မရှား၊ တစ်ပြားမရှိ၊ ပီတိကိုစား၊ အားရှိပါ၏လို့ တင်စား ဂုဏ်ပြုခံနေကြရသူတွေဟာ ဆရာ၊ ဆရာမတွေပါ။ စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာဆိုတဲ့ နာလေးနာနဲ့ ပြည့်ဝသူတွေဟာ ဆရာ၊ ဆရာမတွေပါလို့ ရိုသေလေးစားအားထားနေရသူတွေကြားထဲမှာ ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသလိုပဲ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်စော်နံသွားစေတာပေါ့ကွာ။

ဆရာ တစ်ရာမှာတစ်ယောက်တောင်မရှိတဲ့ ဖြစ်ရပ်ပါကွာ။ ပုထုဇဉ် လူသားလောကသားတွေဆိုတော့ ဆရာ၊ ဆရာမတွေမဆိုထားနဲ့ မင်းတို့ ငါတို့တောင် အတ္တနဲ့ကင်းကြလို့လား။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ကင်းကြလို့လား။ ဒါကြောင့် ဆရာ၊ ဆရာမတွေ မှားမိခဲ့ကြရင်လဲ စာနာ နားလည်ပေးမှုနဲ့ ပြေလည်ကြပါစေလို့ပဲ ငါဆုတောင်းနေပါ တော့တယ်ကွာ။

မှုခင်းဗဟုသုတမရှိကြသူတွေကို ငါစိုးရိမ်တာက ဘယ်သူမဆို တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန်အကြံနဲ့၊ ပြစ်မှုစွဲဆိုရင် ဒါမှမဟုတ် စွဲဆိုစေရင် ဒါမှမဟုတ် ထိုသူကို ပြစ်မှုကျူးလွန်တယ်လို့ မမှန်မကန်ဘဲစွပ်စွဲရင် စွပ်စွဲသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမယ်။ ဒါ့ပြင် မဟုတ်မမှန် စွပ်စွဲခြင်းဟာ သေဒဏ်နဲ့တစ်သက်တစ်ကျွန်းဒဏ် ကျခံရတာမျိုး၊ ခုနစ်နှစ်နဲ့ ခုနစ်နှစ်ထက် ကျခံရတာမျိုးဖြစ်နေရင် စွပ်စွဲသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်တယ်လို့ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁၁ မှာ ပြဋ္ဌာန်းထားတာကို မသိကြဘဲ ပုဂ္ဂိုလ်ရေးအာဃာတအငြိုးတွေရဲ့ မတရားစွပ်စွဲကြရင်တော့ ဒုက္ခရောက်ကုန်ကြမှာပဲကွာ။

ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲကွာ။ ဘယ်သူမပြု မိမိမှုပဲပေါ့။ စာနာ စိတ်ကိုယ်စီရှိကြရင် ပြဿနာတွေရှင်း ဘေးကင်းကြတာပေါ့ကွာ။

## တို့တောအလှူ

– ဒိုးပတ်သံများ ညံဆာဆာ
ပျော်စရာ ပုံဖော်ပွဲ၊
နှုတ်ခမ်းမွေးထူ ဦးရွှေရိုးက
ဒေါ်မိုးနဲ့တွဲ။

– တူဆင်နွဲ့ ကုသိုလ်မျှော်
အလှူတော် အလွန်စည်ကား၊
ထမင်းရည် ချောင်းစီးအောင်ပေါ့
မောင်းတီးလို့ထား။

– အားမနာတမ်း စားစေမှု
ထမင်းဖြူ စုံလင်ဟင်း၊
လက်သီးဆုပ်သဏ္ဍာန် ဝက်သားတုံးက
ပြုံးပြနေခြင်း။

– ရွာအတွင်း စီတန်းဖြာ
ရှင်လှည့်ရာ အချိန်လေး၊
သပိတ်လွယ် သင်္ကန်းပန်းနဲ့
ရှင်လန်းနေသေး။ ။

**ဖေဒါမောင်(ပညာရေး)**

# သာစည်မြို့နယ် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျ စေရန် ရည်ရွယ်၍ ယင်းမာရိုး ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ထားရှိသော လုပ် ငန်းများကို နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် သာစည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ယင်းမာရိုးကျေးရွာတွင် မြစိမ်း ရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၆၀ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ များနှင့် လအလိုက်ဖြည့်သွင်းရ မည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ယင်းမာရိုးကျေးရွာတွင် စိုက် ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀ ကို ငွေကျပ် ၃၈ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် သူ ၅၄ ဦးကို ငွေကျပ် ၁၉ သန်း နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်း အသင်း သား၊ အသင်းသူ ၁၇၂ ဦးကို ငွေ ကျပ် ၆၀ ဒသမ ၁ သန်း ထုတ်ချေး ပေးထားပြီး လုပ်ငန်းများလည် ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## နိုင်ငံတစ်ဝန်း လုံခြုံရေးအရေးပေါ်အခြေအနေ နိုင်ဂျီးရီးယားသမ္မတ ကြေညာ



အဘူဂျာ နိုဝင်ဘာ ၂၇

နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူသည် နိုဝင်ဘာ ၂၆ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ လုံခြုံရေး အရေးပေါ်အခြေအနေ ကြေညာထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအရ လုံခြုံရေး အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီးနောက် တပ်ဖွဲ့ဝင်လူသစ်များ ထပ်မံခေါ်ယူရန်လည်း နိုင်ဂျီးရီးယားသမ္မတ တီနူဘူက တပ်မတော်နှင့် ရဲတပ်ဖွဲ့ကို ညွှန်ကြားထားသည်။

နိုင်ဂျီးရီးယား နိုင်ငံတစ်ဝန်း လက်နက်ကိုင် အကြမ်းဖက်မှုများ ဖြစ်ပွားနှုန်း မြင့်တက်လာမှုကို ကိုင်တွယ်ရေးအတွက် လုံခြုံရေး အရေးပေါ်အခြေအနေကို သမ္မတ တီနူဘူက ကြေညာခဲ့ခြင်းဖြစ်သည်။

လက်နက်ကိုင် အကြမ်းဖက်မှုများကို ကိုင်တွယ်ရေးအတွက် နိုင်ဂျီးရီးယား ရဲတပ်ဖွဲ့အနေဖြင့် ရဲတပ်ဖွဲ့ဝင်သစ် ၂၀၀၀၀ ထပ်မံခေါ်ယူ၍ အင်အားမြှင့်တင်မည်ဖြစ်ကြောင်း သမ္မတ တီနူဘူက ထုတ်ဖော်ပြောကြားထားသည်။

ထို့ပြင် အရေးကြီးပုဂ္ဂိုလ်လုံခြုံရေးတာဝန်များ ရယူထားရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အင်အားကို ထုတ်နုတ်၍ ပဋိပက္ခဇုန်များသို့ ပို့ဆောင်ဖြန့်ကြက်ရန်လည်း သမ္မတတီနူဘူက ညွှန်ကြားထားသည်။

ကတ်ဘီပြည်နယ်၊ ဘော်နိုပြည်နယ်၊ ဇမ်ဖာရာပြည်နယ်၊ နိုင်ဂျာပြည်နယ်၊ ယိုဘီပြည်နယ်တို့၌ အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားနှုန်းမြင့်တက်လာပြီးနောက် လုံခြုံရေး အရေးပေါ်အခြေအနေကို နိုင်ဂျီးရီးယားသမ္မတက ကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံ ကူမင်းမြို့၌ ရထားဝင်တိုက်မှုကြောင့် ရထားလမ်းအလုပ်သမား ၁၁ ဦး သေဆုံး

ပေကျင်း နိုဝင်ဘာ ၂၇

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကူမင်းမြို့ ဘူတာရုံတစ်ရုံ၌ ယနေ့တွင် မီးရထားတစ်စီး ဝင်တိုက်မှုကြောင့် ရထားလမ်း အလုပ်သမား အနည်းဆုံး ၁၁ ဦး သေဆုံး၍ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်သည် လိုယန် အမည်ရှိ ဘူတာရုံတစ်ရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများက ထုတ်ပြန်ထားသည်။

ဖြစ်စဉ်အတွင်း မြေငလျင်ထောက်လှမ်းရေးကိရိယာ စမ်းသပ်မှုပြုလုပ်နေသော ရထားတစ်စီးက ဘူတာရုံသံလမ်းပိုင်းတစ်ခုပေါ်၌ရှိနေသည့် အလုပ်သမားများကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ ရထားမတော်တဆမှုဖြစ်စဉ် ပေါ်ပေါက်ရခြင်း နောက်ခံအကြောင်းရင်းကို ကူမင်းမြို့ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ယနေ့တွင် ဖြစ်ပွားခဲ့သော ရထားမတော်တဆမှုသည် တရုတ်နိုင်ငံအတွက် ၁၀ နှစ်ကျော်ကာလအတွင်း အဆိုးရွားဆုံး ရထားမတော်တဆမှုဖြစ်သည်။

တရုတ်နိုင်ငံ၏ ရထားလမ်းကွန်ရက်သည် မိုင် ၁၀၀၀၀၀ ရှည်လျားသည့် ကမ္ဘာ့အကြီးဆုံး ရထားလမ်းကွန်ရက်ဖြစ်ပြီး နှစ်စဉ် ရထားခရီးစဉ် အရေအတွက် ဘီလီယံနှင့်ချီ ပြေးဆွဲနေသော ရထားလမ်းကွန်ရက် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံ တင်းမာမှုပိုဆိုးလာမည့်အရေးရှောင်ရှားရန် ဂျပန်ဝန်ကြီးချုပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တိုက်တွန်း



တိုကျို နိုဝင်ဘာ ၂၇

တရုတ်နိုင်ငံနှင့် သံတမန်ရေးအရ အငြင်းပွားမှုများ ပိုဆိုးလာမည့် အရေးကိုရှောင်ရှားရန် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဂျပန် ဝန်ကြီးချုပ် ဆာနာအီတာကာအီချီကို တိုက်တွန်းထားကြောင်း ဂျပန် အစိုးရ သတင်းအရင်းအမြစ်များက ယနေ့တွင် ထုတ်ဖော်ပြောကြားထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နိုဝင်ဘာ ၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် ဖုန်းခေါ်ဆိုဆွေးနွေးပွဲ၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂျပန်ဝန်ကြီးချုပ်ကို အဆိုပါ အတိုင်း တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ အကြား ဆက်ဆံရေးတင်းမာမှု ပိုဆိုးလာစေမည့် အခြေအနေများကို မိမိမမြင်တွေ့လိုကြောင်း နိုဝင်ဘာ ၂၅ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ရယူထားသော ကုန်သွယ်ရေးပဋိပက္ခ ရပ်တန့်ထားရေး သဘောတူညီချက်ကို ဆက်လက် ထိန်းထားနိုင်ရေး ရည်ရွယ်ချက်ဖြင့် သမ္မတဒေါ်နယ် ထရမ့်က ဂျပန်ဝန်ကြီးချုပ်ကို အဆိုပါအတိုင်း တိုက်တွန်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ် (ထိုင်ဝမ်)ကို စစ်ရေးအရ တိုက်ခိုက်ခဲ့ပါက ဂျပန်နိုင်ငံ၏ စစ်ရေးတုံ့ပြန်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ်က နိုဝင်ဘာ ၇ ရက်တွင် ပြောကြားခဲ့ရာ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး တင်းမာခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် တရုတ်သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ လာမည့်နှစ် ဧပြီလတွင် တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဝါရှင်တန်မြို့ အိမ်ဖြူတော်အနီး ပစ်ခတ်မှုဖြစ်ပွား အမျိုးသားအစောင့်တပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိ

ဝါရှင်တန် နိုဝင်ဘာ ၂၇

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ အိမ်ဖြူတော်အနီးတွင် နိုဝင်ဘာ ၂၆ ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်အတွင်း ပစ်ခတ်မှုကျူးလွန်သူအမျိုးသားကို အခြားအမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

နိုဝင်ဘာ ၂၆ ရက် တိုက်ခိုက်မှုကို ပစ်မှတ်ထား၍ အလစ်အငိုက်တိုက်ခိုက်မှုအဖြစ် တာဝန်ရှိသူများက သတ်မှတ်ထားပြီး ပစ်ခတ်မှုကျူးလွန်သူ၏ နောက်ခံရည်ရွယ်ချက်ကိုလည်း စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ပစ်ခတ်မှု ကျူးလွန်ခဲ့သူမှာ ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသို့ ရောက်ရှိလာသော ရာမာနူလာလာကန်ဝဲလ် အမည်ရှိ အာဖဂန်နစ္စတန်နိုင်ငံသား တစ်ဦးဖြစ်ကြောင်း သိရသည်။





နိုဝင်ဘာ ၂၆ ရက် ပစ်ခတ်မှုကို မကောင်းဆိုးရွားလုပ်ရပ်၊ အမုန်းတရားကို ကိုယ်စားပြုသည့် အကြမ်းဖက် လုပ်ရပ်အဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဝေဖန်ရှုတ်ချထားသည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ရောက်ရှိနေသော အာဖဂန်နစ္စတန်နိုင်ငံသားများ၏ လူဝင်မှုလျှောက်ထားခြင်းဆိုင်ရာ စာရွက်စာတမ်းများ စိစစ်မှုလုပ်ငန်းစဉ်ကို အမေရိကန် လူဝင်မှုကြီးကြပ်ရေးဌာနက ကာလအကန့်အသတ်မရှိ ရပ်ဆိုင်းထားလိုက်ပြီဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ပြင်သစ်ရဲတပ်ဖွဲ့ တာဝန်ရှိသူ လူးကပ်စ်ဖိလစ်ပီကို ဥက္ကဋ္ဌအသစ်အဖြစ် အင်တာပိုလ် ရွေးချယ်

မာရာကတ်ချ် နိုဝင်ဘာ ၂၇

နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပိုလ်)သည် ယနေ့တွင် ပြင်သစ်ရဲတပ်ဖွဲ့ ထိပ်တန်းတာဝန်ရှိသူ လူးကပ်စ်ဖိလစ်ပီကို ဥက္ကဋ္ဌသစ်အဖြစ်ရွေးချယ်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

မော်ရိုကိုနိုင်ငံ မာရာကတ်ချ်မြို့၌ ကျင်းပခဲ့သည့် အင်တာပိုလ် အထွေထွေညီလာခံတွင် အင်တာပိုလ်ဥက္ကဋ္ဌသစ်အဖြစ် လူးကပ်စ်ဖိလစ်ပီကို အဖွဲ့ဝင်နိုင်ငံများက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လူးကပ်စ်ဖိလစ်ပီသည် ပြင်သစ်ရဲတပ်ဖွဲ့၏ နိုင်ငံတကာရေးရာ အကြီးတန်း အကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

လူးကပ်စ်ဖိလစ်ပီသည် အင်တာပိုလ်ဥက္ကဋ္ဌအဖြစ် လေးနှစ်သက်တမ်း တာဝန်ရယူမည်ဖြစ်ကြောင်း ပြင်သစ်မီဒီယာက သတင်းထုတ်ပြန်ထားသည်။

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့၌ ဌာနချုပ် ဖွင့်လှစ်ထားသော အင်တာပိုလ်သည် အဖွဲ့ဝင်နိုင်ငံ ၁၉၆ နိုင်ငံဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းဖြစ်သည်။


မာရာကတ်ချ်မြို့၌ ကျင်းပနေသော အင်တာပိုလ်ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်း ၃၄ ခုတို့မှ ကိုယ်စားလှယ် ၈၈၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်က ကမ္ဘာဂြိုဟ်မှ ရေဒီယိုလှိုင်းရောက်ရှိရန် အချိန်ယူရမည့်အကွာအဝေးသို့ရောက်ရှိမည်



ဝါရှင်တန် နိုဝင်ဘာ ၂၇

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာမြေမှ ရေဒီယိုလှိုင်းရောက်ရှိရန်အတွက် အချိန်ယူရမည့် အကွာအဝေးသို့ ရောက်ရှိမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ကမ္ဘာဂြိုဟ်မှ ရေဒီယိုလှိုင်း ရောက်ရှိရန် ၂၄ နာရီအချိန်ယူရမည့် အကွာအဝေးသည် အလင်း၏ အလျင်နှင့်တိုင်းတာပါက တစ်ရက်တာအတွင်း အလင်းရောင်ရောက်ရှိနိုင်သည့် အကွာအဝေးနှင့် ညီမျှသည်။

၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းတစ်နေ့တာ အကွာအဝေးသို့ ရောက်ရှိမည့် ပထမဆုံးအာကာသယာဉ်ဖြစ်လာမည် ဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

၁၉၇၇ ခုနှစ်တွင် လွှတ်တင်ခဲ့သော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ကို ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် ကြယ်တာရာဟင်းလင်းပြင်နယ်မြေခရီးစဉ်ကို စတင်ခဲ့သည်။

နာဆာသိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁၆ ဒသမ ၁ ဘီလီယံ အကွာသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်က တီယန်ကောင်းအာကာသစခန်းနှင့်ချိတ်ဆက်နိုင်ခဲ့

ပေကျင်း နိုဝင်ဘာ ၂၇

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက်သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီး ၃ ဒသမ ၅ နာရီခန့်အကြာတွင် တီယန်ကောင်း အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည်အာကာသယာဉ်မှူးများလိုက်ပါခြင်းမရှိသည့် ရှန်ကျိုး-၂၂ အာကာသလူသယ်ယာဉ်ကို လေပါပတ်ချ်-၂ အက်ခ်ဒုံးပျံဖြင့် ချိကွမ်အာကာသစခန်းမှတစ်ဆင့် နိုဝင်ဘာ ၂၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အရေးပေါ် အာကာသလူသယ်ယာဉ်လက်မဲ့ဖြစ်သည့် ရှန်ကျိုး-၂၁ အာကာသ ယာဉ်မှူးများအတွက်



တရုတ်အမျိုးသား အာကာသအေဂျင်စီက အာကာသယာဉ်မှူးများလိုက်ပါခြင်းမရှိသည့် ရှန်ကျိုး-၂၂ ကို အရေးပေါ်လွှတ်တင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

တီယန်ကောင်းအာကာသစခန်း၌ ခြောက်လကြာ တာဝန်ထမ်းဆောင်ခဲ့သော ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးသုံးဦး၏ ကမ္ဘာမြေအပြန်ခရီးအတွက် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် နိုဝင်ဘာ ၁၄ ရက်တွင် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ကို အစားထိုး အသုံးပြုခဲ့ရကြောင်း သိရသည်။

သို့ဖြစ်ရာ တီယန်ကောင်းအာကာသစခန်း၌ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ရှန်ကျိုး-၂၁ အာကာသယာဉ်မှူး သုံးဦးမှာ အရေးပေါ်အခြေအနေပေါ်ပေါက်ခဲ့ပါက အသုံးပြုနိုင်မည့် အာကာသယာဉ်မရှိဘဲ ရက်ပေါင်း ၂၀ ကြာကျော်ဖြတ်ခဲ့ရသည်။

Ref : Xinxua News

Trs : KKO

## ကမ္ဘာမြေပေါ်မှ ပို့ဆောင်လိုက်သော ရေညှိပင်မျိုးမှုန်များက နိုင်ငံတကာအာကာသစခန်းပြင်ပ၌ ကိုးလကြာထိ ရှင်သန်နိုင်စွမ်းရှိခဲ့

တိုကျို နိုဝင်ဘာ ၂၇

ဂျပန် သိပ္ပံပညာရှင်များ၏ စမ်းသပ်မှုအရ ကမ္ဘာမြေပေါ်မှ ပို့ဆောင်လိုက်သော ရေညှိပင်မျိုးမှုန်များသည် နိုင်ငံတကာအာကာသစခန်းယာဉ်ပြင်ပ၌ ကိုးလကြာထိ ရှင်သန်နိုင်စွမ်းရှိခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ရေညှိပင်မျိုးမှုန်များ အနက် ၈၆ ရာခိုင်နှုန်းမှာ ကမ္ဘာပေါ်သို့ပြန်လည်ရောက်ရှိချိန်တွင်လည်း ဆက်လက်ရှင်သန်မျိုးပွားနိုင်စွမ်းရှိသည်ကိုတွေ့ရကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျပန်သိပ္ပံပညာရှင်များသည် နိုင်ငံတကာ အာကာသစခန်းပြင်ပ၌ စမ်းသပ်စိုက်ပျိုးခဲ့သော ရေညှိမျိုးမှုန်များမှာ Phy-scomitrium Patens ရေညှိပင်ပျိုးမှုန်များဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ အာကာသဟင်းလင်းပြင်အတွင်း ကာလရှည် ရှင်သန်နိုင်သည့် ကမ္ဘာမြေဇီဝရုပ်များစာရင်းတွင် P.Patens ရေညှိမျိုးမှုန်များကိုပါ ထည့်သွင်းရလိမ့်မည်ဖြစ်ကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

P.Patens ရေညှိမျိုးမှုန်များသည် ခြောက်သွေ့၍ အိပ်စက်ငြိမ်သက်နေသည့် အခြေအနေမျိုးတွင် ရှိရာ ရေခဲတတ်ခန်းမှုနှင့် အပူချိန် အတတ်အကျ ပြင်းထန်မှုဒဏ်တို့ကို ခံနိုင်ရည်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

ထို့ပြင် Sporangium ခေါ် သဘာဝအကာအကွယ် တစ်မျိုးကြောင့် P.Patens ရေညှိမျိုးမှုန်များသည် ဖြာထွက်ရောင်ခြည်ရိုက်ခတ်မှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြောင်းသိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အေသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများ၌ ခုခံအားစနစ်ဖောက်ပြန်မှုနှင့်ဆက်စပ်သော အသည်းရောဂါဖြစ်နိုင်ခြေမြင့်တက်လာဖွယ်ရှိ

ပေကျင်း နိုဝင်ဘာ ၂၇

အေသွေးအမျိုးအစားပိုင်ဆိုင်သူများ၌ ခုခံအားစနစ်ဖောက်ပြန်မှုနှင့်ဆက်စပ်နေသော အသည်းရောဂါတစ်မျိုးဖြစ်နိုင်ခြေမြင့်တက်လာဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သို့ရာတွင် ဘီသွေးအမျိုးအစား ပိုင်ဆိုင်ထားသူများတွင်မူ Primary biliary cholangitis (PBC)ခေါ် အသည်းရောဂါတစ်မျိုးဖြစ်ပွားနိုင်ခြေ နည်းပါးသည်ကို တွေ့ရကြောင်း တရုတ် သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ်သုတေသနပညာရှင်များသည် ခုခံအားစနစ်ဖောက်ပြန်မှုနှင့်ဆက်စပ်နေသော အသည်းရောဂါလူနာ ၁၁၄ ဦး အပါအဝင် လူပေါင်း ၁၂၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ခုခံအားစနစ်ဖောက်ပြန်မှုရောဂါ အဖြစ်အများဆုံးလူနာများမှာ အေသွေးအမျိုးအစား ပိုင်ဆိုင်သူများဖြစ်ကြကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ခုခံအားစနစ်ဖောက်ပြန်မှုနှင့် ဆက်စပ်နေသော အသည်းရောဂါကြောင့် အသည်းအင်္ဂါ ထိခိုက် ပျက်စီးသွားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## စိတ်ကျရောဂါ ကုသဆေးများကြောင့် အစာခြေလမ်းကြောင်းစနစ် ထိခိုက်ပျက်စီးနိုင်

လန်ဒန် နိုဝင်ဘာ ၂၇

စိတ်ကျရောဂါ ကုသဆေးများကြောင့် အစာခြေလမ်းကြောင်းစနစ် ထိခိုက်ပျက်စီးသွားနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သို့ရာတွင် စိတ်ကျရောဂါ ကုသရေး ဆေးဝါးများကြောင့် အစာခြေ လမ်းကြောင်းစနစ် ထိခိုက်ပျက်စီးမှုကို ဇီဝအကျိုးပြု ဗက်တီးရီးယား ဖြည့်စွက်ဆေးများ သောက်သုံးခြင်းဖြင့် တားဆီးကာကွယ်နိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

စိတ်ကျရောဂါကုသရေးဆေးများသည် ဦးနှောက်အတွင်း စိတ်ခံစားမှုနှင့် စိတ်လှုပ်ရှားမှုတို့အတွက် တာဝန်ရှိသည့် ဓာတုပစ္စည်းများ ပေါ်ထွက်မှုကို မြှင့်တင်ပေးနိုင်သော်လည်း အဆိုပါဆေးများကြောင့် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံ ပျက်စီးသွားနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက လေ့လာတွေ့ရှိထားသည်။

အထူးသဖြင့် စိတ်ကျရောဂါ ကုသရေးဆေးများသည် အစာခြေလမ်းကြောင်း စနစ်အတွင်းရှိ ဗက်တီးရီးယားများကို ဖျက်ဆီးနိုင်ပြီး အစာခြေလမ်းကြောင်းစနစ် ကျန်းမာရေးအတွက် အရေးကြီးသည့် အာဟာရဓာတ်များနှင့် ပရိုတိန်းများထုတ်လုပ်မှုကို ဖြတ်တောက်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO






# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အသက်ကြီးဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် ဒေးဗစ်လုဇ် မှတ်တမ်းဝင်

**ပါဖို့စ် နိုဝင်ဘာ ၂၇**

ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးသွင်းယူနိုင်သည့် ဒုတိယမြောက် အသက်ကြီးဆုံး ကစားသမားအဖြစ် ပါဖို့စ်အသင်း ဝါရင့်ခံစစ်ကစားသမား ဒေးဗစ်လုဇ် မှတ်တမ်းဝင်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ပါဖို့စ်အသင်းတွင် ကစားနေသည့် အသက် ၃၈ နှစ်ရှိ ဒေးဗစ်လုဇ်သည် မိုနာကိုအသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၁၈ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတွင် ဒုတိယမြောက် အသက်အကြီးဆုံး ကစားသမားဖြစ်လာခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ချန်ပီယံလိဂ်ပြိုင်ပွဲ ရှက်တာဒိုးနက်အသင်းနှင့် ပွဲစဉ်တွင် ပေါ်တိုအသင်းခံစစ်ကစားသမား ပီပီက အသက် ၄၀ နှစ် ၂၉၀ ရက်ဖြင့် အသက်ကြီးဆုံး ဂိုးသွင်းယူသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ပြီးနောက် ဒေးဗစ်လုဇ်က အသက် ၃၈ နှစ် ၂၁၈ ရက်ဖြင့် ဒုတိယမြောက် အသက်ကြီးဆုံး ကစားသမားဖြစ်လာခဲ့သည်။

၎င်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲကို ၂၀၀၇ ခုနှစ်က ဘင်ဖီကာအသင်းနှင့် ပထမဆုံး ပွဲထွက်ကစားခွင့်ရခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ချဲလ်ဆီးအသင်းနှင့်အတူ ခြေစွမ်းပြသ၍ ချန်ပီယံလိဂ်ဖလားရယူခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းနှင့်အတူ နောက်ဆုံးအကြိမ် ဂိုးသွင်းယူခဲ့ကာ ရှစ်နှစ်အကြာမှ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- ❑ အေစီမီလန်အသင်းနှင့် အနာဂတ်မရေရာ ဖြစ်နေသည့် တိုက်စစ်မှူးဂျီမီနက်ဇ်ကို ပရီးမီးယားလိဂ်ကလပ် ဆန်ဒါးလန်းအသင်းက ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။
- ❑ လိုက်ပ်ဇစ်အသင်းမှ အသက် ၁၉ နှစ်ရှိ ကွင်းလယ်ကစားသမား အိုဒရာအိုဂိုကို အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။
- ❑ မန်ယူအသင်းက ကာလရှည်ပစ်မှတ်ထားနေသည့် အတ္တလန်တာအသင်း ကွင်းလယ်ကစားသမား အီဒါဆန်ကို ပြောင်ရွှေ့ကြေး ယူရိုသန်း ၄၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။ **ML**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒုတိယမြောက်အမြန်ဆုံး ဟက်ထရစ်ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် အမ်ဘက်ပီမှတ်တမ်းဝင်

**မက်ဒရစ် နိုဝင်ဘာ ၂၇**

ရီးရဲလ်မက်ဒရစ် အသင်းက အိုလံပီယာကို့စ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး လေးဂိုး သွင်းယူခဲ့သည့် ရီးရဲလ်မက်ဒရစ် အသင်းတိုက်စစ်မှူး အမ်ဘက်ပီသည် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတွင် ဒုတိယမြောက် အမြန်ဆုံး ဟက်ထရစ် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။




ရီးရဲလ်မက်ဒရစ် အသင်းသည် အိုလံပီယာကို့စ်အသင်းနှင့် ပွဲစဉ်၌ ပွဲအစ ရှစ်မိနစ်တွင် ဦးဆောင်ဂိုး ခွင့်ပြုခဲ့ရသော်လည်း အမ်ဘက်ပီက ပွဲချိန် ၂၂ မိနစ်တွင် ချေပဂိုး၊ ပွဲချိန် ၂၄ မိနစ်နှင့် ပွဲချိန် ၂၉ မိနစ်တို့တွင် ဦးဆောင်ဂိုးများ သွင်းယူခဲ့သောကြောင့် ၆ မိနစ် ၄၂ စက္ကန့်အတွင်း ဟက်ထရစ် ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလက လီဗာပူးအသင်း တိုက်စစ်မှူး ဆာလာဟ်က ရိန်းဂျားအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ၆ မိနစ် ၁၂ စက္ကန့်ဖြင့် အမြန်ဆုံး ဟက်ထရစ် ဂိုးသွင်းယူခဲ့ပြီးနောက် အမ်ဘက်ပီက ၎င်းနောက်တွင် ဒုတိယမြောက် အမြန်ဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် အမ်ဘက်ပီသည် ပြီးခဲ့သည့် စက်တင်ဘာလက ကစားခဲ့သည့် အာမက်တီအသင်းနှင့် ပွဲစဉ်တွင်လည်း ဟက်ထရစ်ဂိုးရခဲ့ကာ ယခုပွဲစဉ်တွင်လည်း ဒုတိယမြောက် ဟက်ထရစ်ဂိုးသွင်းယူခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတွင် ခြောက်ဦးမြောက် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ် အသင်းသည် အမ်ဘက်ပီ၏ သွင်းဂိုး လေးဂိုးဖြင့် ပြိုင်ဘက်ကို ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ချေပဂိုး နှစ်ဂိုး ပြန်လည်ခွင့်ပြုခဲ့ရသော်လည်း လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ **Ref : Espn**

**Trs : ML**

# ဒဏ်ရာမှသက်သာလာခဲ့သည့် ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား ပက်ဒရီ အလာဗက်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်

**ဘာစီလိုနာ နိုဝင်ဘာ ၂၇**

တံကောက်ကြောဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် ဘာစီလိုနာအသင်း အဓိကကွင်းလယ်ကစားသမားပက်ဒရီသည် ဒဏ်ရာမှ သက်သာလာခဲ့ပြီး လေ့ကျင့်ခန်းများ အပြည့်အဝ ပြန်လည်လုပ်ဆောင်နိုင်ပြီဖြစ်သည့်အတွက် လာမည့် အလာဗက်အသင်းနှင့် ကစားမည့် ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ဒရီသည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း ကွင်းလယ်ပိုင်း၌ အဓိက ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြသကာ ပြီးခဲ့သည့် အောက်တိုဘာ ၂၅ ရက်က ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရပြီးနောက်အနားယူနေခဲ့ရသူဖြစ်သည်။

ပက်ဒရီသည် ဒဏ်ရာကြောင့် အနားယူနေရသည့်အတွက် ပွဲစဉ်အချို့ကို လွဲချော်ခဲ့ကာ ပြီးခဲ့သည့် ချဲလ်ဆီးအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်ကိုပါ လွဲချော်ခဲ့သည်။

ပက်ဒရီ မပါဝင်နိုင်သည့်ပွဲစဉ်များတွင် ဘာစီလိုနာအသင်း ကွင်းလယ်ပိုင်းသည် လိုအပ်ချက်များစွာရှိနေခဲ့ပြီး ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်တွင်လည်း ကွင်းလယ်ပိုင်း၌ ယှဉ်ပြိုင်နိုင်ခြင်း မရှိသောကြောင့် ဂိုးပြတ်အရေးနိမ့်ခဲ့သည်။

ယခုအခါ ပက်ဒရီအနေဖြင့် ဒဏ်ရာမှသက်သာလာခဲ့ပြီး ကြံ့ခိုင်မှု ပြန်လည် ပြည့်ဝလာသည့်အတွက် လာမည့် နိုဝင်ဘာ ၂၉ ရက်တွင် ကစားမည့် ဘာစီလိုနာအသင်းနှင့် အလာဗက်အသင်းတို့ ပွဲစဉ်တွင် ပြန်လည် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို စပိန်ဂေါက်သီးရိုက်ကစားသမား ဂါစီယာ ဦးဆောင်

**ဘရစ္စဘိန်း နိုဝင်ဘာ ၂၇**

သြစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပသည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် စပိန် ဂေါက်သီးရိုက်ကစားသမား ဂါစီယာက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း Golf Australia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



သြစတြေးလျ ဂေါက်သီးရိုက်ကစားသမား ဒန်နီရယ်လ်က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး သြစတြေးလျ ဂေါက်သီးရိုက်ကစားသမား ရိုင်ယန်ဖောက်စ်အပါအဝင် ပြိုင်ပွဲဝင်ခြောက်ဦးက သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသော်လည်း မိုးလေဝသ အခြေအနေကြောင့် ပြိုင်ပွဲဝင်အချို့မှာ ၁၈ ကျင်းပြည့်အောင် ကစားခွင့်မရသေးပဲ ဂါစီယာသည်လည်း ၁၅ ကျင်းသာ ရိုက်ထားကြောင်း သိရသည်။

ဂါစီယာအနေဖြင့် ကျင်းသုံးကျင်း ရိုက်ရန် ကျန်ရှိသေးသည့်အတွက် ရလဒ် ပိုကောင်းလာနိုင်သကဲ့သို့ ရလဒ်ကျဆင်းနိုင်သည့် အခြေအနေ ရှိနိုင်ကြောင်းလည်း သိရသည်။

ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည့် သြစတြေးလျ နံပါတ်(၁) ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းစမစ်က "ရလဒ်မကောင်းပေမဲ့လဲ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ အထူးသဖြင့် ခြောက်ပေကနေ ရှစ်ပေအကွာကြားမှာ ကျင်းစိမ်ရတဲ့ အနေအထားမျိုးတွေမှာ အမှားကင်းခဲ့တယ်။ ရာသီဥတု အခြေအနေကြောင့် ပွဲကိုတော့ ခေတ္တရပ်နားထားတဲ့အတွက် နားချိန်ပိုရပါတယ်။ အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်သွားဖို့လဲ လေ့ကျင့်မှုတွေ ပြုလုပ်သွားမယ်။ ပထမနေ့မှာ ပြိုင်ပွဲဝင်ရတာ စိတ်လွတ်လပ် ပေါ့ပါးတဲ့အတွက် ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက်တော့ ပျော်စရာကောင်းတဲ့ ပြိုင်ပွဲတစ်ရပ်ပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Australia**
**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲကျန်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရ



**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲကျန်ပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့်ရာမည ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၄၂ မိနစ်တွင် ဟာမီတန်ဂျော်ဒန်က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည့်အတွက် ပထမပိုင်း ပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းကပင် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၅၁ မိနစ်တွင် ရဲရင့်အောင်၊ ပွဲချိန် ၅၂ မိနစ်တွင် ဟာမီတန်ဂျော်ဒန်၊ ပွဲချိန် ၆၆ မိနစ်တွင် မက်ဆာကီတို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက် သွင်းယူခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရာမညယူနိုက်တက်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းအတွက် နှစ်ဂိုး သွင်းယူပေးပြီး ခြေစွမ်းပြခဲ့သည့် တိုက်စစ်ကစားသမား ဟာမီတန်ဂျော်ဒန်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

STA

# Next Gen Finals ပြိုင်ပွဲမှ လက်ရှိချန်ပီယံ ဖွန်ဆီကာ နုတ်ထွက်

**ဂျက်ဒက် နိုဝင်ဘာ ၂၇**

ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒက်မြို့တွင် ကျင်းပပြုလုပ်မည့် Next Gen Finals ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း လက်ရှိချန်ပီယံ ဘရာဇီးတင်းနစ်ကစားသမား ဖွန်ဆီကာက ပြောကြားခဲ့သည်ဟု Sporty TV က ယနေ့တွင် ဖော်ပြခဲ့သည်။

Next Gen Finals ပြိုင်ပွဲသည် အသက် ၂၀ နှင့်အောက်ရှိ ကမ္ဘာ့အဆင့်(၁)မှ ကမ္ဘာ့အဆင့်(၈) နေရာတွင် ရပ်တည်ထားနိုင်သည့် ကစားသမားများကို ကျင်းပပေးသည့်ပြိုင်ပွဲဖြစ်ပြီး လက်ရှိချန်ပီယံ အသက် ၁၉ နှစ်အရွယ် ဖွန်ဆီကာသည် ဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖွန်ဆီကာသည် ၂၀၂၅ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် ကျင်းပခဲ့သော ပြိုင်ပွဲနှစ်ရပ်တွင် ချန်ပီယံဆုကို ဆွတ်ခူးထားသည့် ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ဖွန်ဆီကာ ပြိုင်ပွဲမှနုတ်ထွက်ခဲ့သောကြောင့် ချက်တင်းနစ်ကစားသမားမန်ဆစ်ခ်က ဖွန်ဆီကာ၏ နေရာတွင် အစားထိုးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ချက်တင်းနစ် ကစားသမား မန်ဆစ်ခ်က "ကမ္ဘာ့အကောင်းဆုံး လူငယ် ကစားသမားတွေအတွက် စီစဉ်ပေးတဲ့ ပြိုင်ပွဲဖြစ်လို့ ကျွန်တော်တို့လို လူငယ်ကစားသမားတိုင်း ဝင်ရောက်ယှဉ်ပြိုင်ချင်တဲ့ပြိုင်ပွဲလဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုလို ပြိုင်ပွဲဝင်ခွင့်ရတော့မယ်လို့ သိလိုက်တဲ့အချိန် စိတ်လှုပ်ရှားမိခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမှာလဲ ဖြစ်ပါတယ်။ အထူးသဖြင့် မိယာမီမှာကျင်းပခဲ့တဲ့ Masters 1000 တင်းနစ်ပြိုင်ပွဲရဲ့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တယ်။ ဆော်ဒီအာရေဗျနိုင်ငံကို သွားဖို့အတွက် မစောင့်နိုင်အောင်ဖြစ်နေပါပြီ"ဟု ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sporty TV

Trs : AZL



# လီဗာပူးအသင်း အသင်းသမိုင်းတစ်လျှောက် ၇၂ နှစ်အတွင်း သုံးဂိုးနှင့်အထက် သုံးပွဲဆက် ရှုံးနိမ့်သည့်မှတ်တမ်းဆိုး ရရှိ

**လန်ဒန် နိုဝင်ဘာ ၂၇**

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပီအက်စ်ဗွီအသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၇၂ နှစ်အတွင်း သုံးဂိုးနှင့်အထက် သုံးပွဲဆက် ရှုံးနိမ့်သည့် မှတ်တမ်းဆိုးတစ်ရပ် ရခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီ၌ နည်းပြစလော့လက်အောက်တွင် စံချိန်တင် ရလဒ်များဆိုးရွားနေပြီး ပီအက်စ်ဗွီအသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် မှတ်တမ်းဆိုးတစ်ရပ် ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် နောက်ဆုံးကစားခဲ့သည့် သုံးပွဲတွင် မန်စီးတီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နော့တင်ဟမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ပီအက်စ်ဗွီအသင်းကိုလေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း ရှုံးနိမ့်ခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ၁၉၅၃ ခုနှစ် နောက်ပိုင်း သုံးဂိုးနှင့်အထက် သုံးပွဲဆက်ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ် ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင် လီဗာပူးအသင်းသည် ၁၉၅၃ ခုနှစ်က ပြိုင်ပွဲစုံ ၁၂ ပွဲတွင် ကိုးပွဲထိ ရှုံးနိမ့်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း နောက်ဆုံးကစားခဲ့သည့် ၁၂ ပွဲတွင် ကိုးပွဲထိ ရှုံးနိမ့်ပြီးနောက် ၁၉၅၃ ခုနှစ်က မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုအတွက် ဘာစီလိုနာအသင်းမှ လမိုင်းယာမယ် ထိပ်ဆုံး၌ဦးဆောင်နေ

**ဘာစီလိုနာ နိုဝင်ဘာ ၂၇**

၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ဘာစီလိုနာအသင်းမှ တိုက်စစ်ကစားသမား လမိုင်းယာမယ်က ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း Give Me Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို ကမ္ဘာတစ်ဝန်းမှ အသက် ၂၁ နှစ်အောက် ကစားသမားများမှ စိစစ်ရွေးချယ်ခြင်းဖြစ်ပြီး ကလပ်အသင်းနှင့် သက်ဆိုင်ရာ လက်ရွေးစင်အသင်းများတွင် အရေးပါမှု၊ စွမ်းဆောင်ရည်၊ အနာဂတ်အတွက်အရေးပါမှုတို့ကို အခြေခံပြီး စိစစ်ရွေးချယ်ခြင်းဖြစ်သည်။



လမိုင်းယာမယ်သည် ၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ဆွတ်ခူးခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ဘာစီလိုနာအသင်းနှင့် စပိန်အသင်းတို့တွင် အဓိက ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြသလျက်ရှိနေပြီး ၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုအတွက် အဆင့်သတ်မှတ်ချက်တွင် ထိပ်ဆုံး ၁၀ ဦးနေရာ၌ လမိုင်းယာမယ်၏ နောက်တွင် ပီအက်စ်ဂျီအသင်းမှ ဒွေးနှင့် ဂျာအိုနာဗက်၊ ရီးရဲလ်မက်ဒရစ်အသင်းမှ အာဒါဂူလာ၊ ချဲလ်ဆီးအသင်းမှ အက်စတီဗာအို၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ဟူဂီဆန်၊ ဘာစီလိုနာအသင်းမှ ကူဘာစီနှင့် ဂါဗီ၊ ပီအက်စ်ဂျီအသင်းမှ ဖိုင်ရီအမ်မရီ၊ ဂျူဗင်တပ်အသင်းမှ ယီဒက်ဇ်တို့က အစဉ်လိုက် ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : Give Me Sports

Trs : STA

# ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ပဏာမကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်း၏ ပဏာမ ကစားသမားစာရင်းကို နည်းပြ Mr.Prasert Innui က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်း၏ ကစားသမားစာရင်း၌ ဂိုးသမားနေရာတွင် ချောစန္ဒီအောင်၊ လှရှာသိမ့်စန္ဒာစိုး၊ ကစားသမားများအဖြစ် ယမင်းလှိုင်၊ ယံမီမီလွင်၊ ဆုဝါလွင်၊ ဖူးပွင့်ခိုင်၊ ယမင်းသန့်ဇင်၊ ဝတ်ရည်လွင်၊ မြသိင်္ဂီကြယ်၊ မေဇင်ဦး၊ ဇင်မြင့်မိုချစ်၊ ဝေဖူးအိန်၊ အိအိကျော်၊ နန်းဆန်ဘရိန်၊ နှင်းစန္ဒာလှိုင်တို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံတွင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကို လက်ရှိ ပဏာမကစားသမား ၁၆ ဦးစာရင်းမှ နှစ်ဦးလျှော့ချပြီး အပြီးသတ်ကစားသမား ၁၄ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ မတိုင်မီ ကြိုတင်ပြင်ဆင်သည့် အနေဖြင့် လာမည့်ဒီဇင်ဘာ ၅ ရက်တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံတွင် စခန်းသွင်းလေ့ကျင့်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကာ လေ့ကျင့်ရေး ခရီးစဉ်အတွင်း ခြေစွမ်းစမ်းပွဲစဉ် နှစ်ပွဲ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ပညာရေးဖြင့် ခေတ်မီနိုင်ငံတစ်နိုင်ငံတည်ဆောက်ခြင်း

မောင်ဝေလွှမ်း(သုတေသီ)

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ဗဟုသုတ၊ ဆန်းသစ်တီထွင်မှုနှင့် လူသားအရင်းအနှီးက ကမ္ဘာလုံးဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို သတ်မှတ်နေသည့် ၂၁ ရာစုတွင် ပညာရေးသည် ခေတ်မီနိုင်ငံကိုပုံဖော်ရန် မရှိမဖြစ်လိုအပ်သည်။ ခေတ်မီနိုင်ငံတစ်နိုင်ငံသည် နည်းပညာ၊ စီးပွားရေးတိုးတက်မှုနှင့်သာမက လူမှုရေးစည်းလုံးညီညွတ်မှု၊ ထိရောက်သော အုပ်ချုပ်မှုရှိရမည်ဖြစ်သည်။ ထိုကဲ့သို့သော မျှော်မှန်းချက်ကို ရရှိရန်အတွက် ကျွမ်းကျင်သောနိုင်ငံသားများကို ဖွံ့ဖြိုးတိုးတက်စေပြီး ဒီမိုကရေစီတန်ဖိုးများကို မြှင့်တင်ပေးသော ရေရှည်တည်တံ့သည့် တိုးတက်မှုကို ပံ့ပိုးပေးသော ပညာရေးစနစ်တစ်ခု လိုအပ်သည်။ ထို့ကြောင့် ခေတ်မီနိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အမျိုးသားစွမ်းရည်ကို အားကောင်းစေခြင်းနှင့် အလျင်အမြန်ပြောင်းလဲနေသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအတွက် အနာဂတ်မျိုးဆက်များကို ပြင်ဆင်ပေးရမည်ဖြစ်သည်။

**ပညာရေး၏မောင်းနှင်အား**

ပညာရေးသည် ခေတ်မီစီးပွားရေးတိုးတက်မှု၏ မောင်းနှင်အားဖြစ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဖင်လန်ကဲ့သို့သော နိုင်ငံများတွင် ခေတ်မီစီးပွားရေးများအဖြစ် အောင်မြင်စွာကူးပြောင်းခဲ့ပြီး ပညာရေးကို ဦးစားပေးခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံသည် ကျွမ်းကျင်သော အင်ဂျင်နီယာများ၊ သိပ္ပံပညာရှင်များ၊ ဆရာဝန်များ၊ ဆရာများနှင့် ဆန်းသစ်တီထွင်သူများကို မွေးထုတ်ပေးသည့်အခါ စက်မှုလုပ်ငန်းများကို ပံ့ပိုးရန်၊ ခေတ်မီနည်းပညာများကို လက်ခံကျင့်သုံးရန်နှင့် စီးပွားရေးအခွင့်အလမ်းအသစ်များကိုဖန်တီးရန်လိုအပ်သော အလုပ်သမားအင်အားကို တည်ဆောက်ပေးသည်။ ပညာရေးသည် ဒစ်ဂျစ်တယ်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ဇီဝနည်းပညာနှင့် အဆင့်မြင့်ထုတ်လုပ်မှုကဲ့သို့သော ခေတ်မီကဏ္ဍများတွင် လိုအပ်သော နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းများရှိကြောင်း သေချာစေခြင်းဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ ပညာတတ်လူဦးရေ နည်းပါးလျှင် အရင်းအမြစ်အကြွယ်ဝဆုံး နိုင်ငံသည်ပင် ခံနိုင်ရည်ရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးကို တည်ဆောက်ရန် ရုန်းကန်ရနိုင်သည်။

စီးပွားရေးအကျိုးကျေးဇူးများအပြင် ပညာရေးသည် အမျိုးသားစည်းလုံးညီညွတ်မှု၊ နိုင်ငံသားတန်ဖိုးများနှင့် ယဉ်ကျေးမှုဆိုင်ရာ နားလည်မှုတို့ကို မြှင့်တင်ခြင်းဖြင့် လူမှုရေး ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည်။ ခေတ်မီနိုင်ငံတစ်နိုင်ငံသည် နည်းပညာတိုးတက်မှုထက် အသိပညာ ဗဟုသုတရှိသူ၊ ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်စွမ်းရှိသူများပိုမိုလိုအပ်သည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ အမျိုးသားလက္ခဏာကို နားလည်ရန်၊ ယဉ်ကျေးမှုဆိုင်ရာကွဲပြားမှုကို တန်ဖိုးထားရန်နှင့် တည်ဆောက်မှုဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ရန် ကူညီပေးသည်။ စာသင်ကျောင်းများသည် မတူညီသောနောက်ခံများမှ လူငယ်များထိတွေ့ဆက်ဆံရန်၊ အပြန်အလှန်လေးစားမှုကို တည်ဆောက်ရန်နှင့် လူမျိုးရေး သို့မဟုတ် ဘာသာရေးတင်းမာမှုများကို လျှော့ချရန်နေရာများဖြစ်သည်။ ဤလူမှုရေး သဟဇာတဖြစ်မှုသည် အထူးသဖြင့် ရှုပ်ထွေးသော ယဉ်ကျေးမှုအခင်းအကျင်းများရှိသော နိုင်ငံများတွင် နိုင်ငံတည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်သည်။ ပညာရေးသည် နိုင်ငံသားများ၏ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းနှင့် ခေါင်းဆောင်များကို တာဝန်ခံမှုရှိစေရန် စွမ်းရည်များပေးဆောင်ခြင်းဖြင့် အုပ်ချုပ်မှုကိုလည်း အားကောင်းစေသည်။

**ပညာရေး၏ထင်ရှားသည့်သွင်ပြင်**

ပညာရေးဖြင့် ခေတ်မီနိုင်ငံတစ်နိုင်ငံ တည်ဆောက်ခြင်း၏ နောက်ထပ်အခြေခံသွင်ပြင်တစ်ခုမှာ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို ပြုစု ပျိုးထောင်ခြင်းဖြစ်သည်။ ခေတ်မီနိုင်ငံများသည် ရှိပြီးသားနည်းပညာများကို ကူးယူခြင်းဖြင့်မဟုတ်ဘဲ အကြံဉာဏ်အသစ်များနှင့် ဖြေရှင်းချက်များကို ဖန်တီးခြင်းဖြင့် ကြီးပွားတိုးတက်ကြသည်။ မေးမြန်းမှု အခြေပြုသင်ယူမှု၊ သုတေသနနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို အားပေးသည့် ပညာရေးစနစ်များသည် သိပ္ပံနှင့် နည်းပညာ၏ နယ်နိမိတ်များကို တွန်းလှန်နိုင်သော ကျောင်းသားများကို မွေးထုတ်ပေးသည်။ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများသည် ဆေးဘက်ဆိုင်ရာရှာဖွေတွေ့ရှိမှုများ၊ စိုက်ပျိုးရေး တိုးတက်မှုများ၊ ဒစ်ဂျစ်တယ်ကိရိယာများ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဖြေရှင်းချက်များမှတစ်ဆင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ဆန်းသစ်တီထွင်မှုများ ဖော်ဆောင်၍ အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။

**❖ ပညာရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှု တိုးတက်စေရန် မဟာဗျူဟာကျသော အခန်းကဏ္ဍမှပါဝင်သည်။ ထိရောက်သော အုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာသော ဖွဲ့စည်းမှုနှင့် တာဝန်ယူမှုရှိသော ခေါင်းဆောင်မှုတွင် ဥပဒေ၊ စီးပွားရေး၊ မူဝါဒနှင့် စီမံခန့်ခွဲမှုကိုနားလည်သော ပညာတတ်များလိုအပ်သည်။ ဝန်ထမ်းများကို လေ့ကျင့်ပေးသော တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသည် ထိရောက်ပြီး ခေတ်မီသောနိုင်ငံ တည်ဆောက်ရာတွင် တိုက်ရိုက်ပါဝင်သည်။ ❖**

ဥပမာအားဖြင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာရင်းနှီးမြှုပ်နှံသော နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာ စက်မှုလုပ်ငန်းများကို လွှမ်းမိုးထားပြီး လူနေမှုအဆင့်အတန်းမြင့်မားမှုကို ခံစားလေ့ရှိသည်။ ဆန်းသစ်တီထွင်မှုကို အခြေခံသော ပညာရေးသည် ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါများ၊ စားနပ်ရိက္ခာမလုံလောက်မှုနှင့် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှုများကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို နိုင်ငံများအနေဖြင့် လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းမှုတွင် ကူညီပေးသည်။ ထို့ကြောင့် စာသင်ခန်းများတွင် တီထွင်ဖန်တီးမှုဆိုင်ရာ အတွေးအခေါ်များကို မြှင့်တင်ပေးခြင်းသည် ခေတ်မီပြီး ပြန်လည်ထူထောင်နိုင်သော နိုင်ငံတစ်နိုင်ငံကို ပုံဖော်ရာတွင် မရှိမဖြစ်လိုအပ်သည်။

ထို့ပြင် ပညာရေးသည် ဆင်းရဲမှုနှင့် မညီမျှမှုများကိုလျှော့ချခြင်းဖြင့် ခေတ်မီစေရေး လုပ်ဆောင်မှုကိုပံ့ပိုးပေးပြီး ပိုမိုပါဝင်နိုင်သော လူ့အဖွဲ့အစည်းတစ်ခုကို ဖန်တီးပေးသည်။ အရည်အသွေးမြင့် ပညာရေးကို ရယူသုံးစွဲနိုင်ခြင်းသည် လူမှုစီးပွားရေးနောက်ခံအားလုံးမှ အလုပ်အကိုင်၊ စွန့်ဦးတီထွင်မှုနှင့် လူမှုရေးလှုပ်ရှားမှုများမှတစ်ဆင့် ပြည်သူတို့၏ဘဝများကို တိုးတက်စေသည်။ ပညာရေးအခွင့်အလမ်းများကို အခွင့်ထူးခံအုပ်စုများအတွက်သာ ကန့်သတ်ထားသောအခါ လူ့အဖွဲ့အစည်းသည် မတူကွဲပြားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်သွားတတ်သည်။ ထို့ကြောင့် ခေတ်မီနိုင်ငံများသည် ကျောင်းပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တန်းတူညီမျှစွာ ရရှိမှု သေချာစေရန် စီမံကြရမည်။ ပညာရေးအတွက် အခက်အခဲများနှင့်ရင်ဆိုင်ရသော ကျေးလက်ဒေသများကိုလည်း အထူးအလေးပေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာရေးကိုအားပေးခြင်းဖြင့် နိုင်ငံတစ်နိုင်ငံရှိပြည်သူများကို စီးပွားရေးစွမ်းဆောင်ရည် အားကောင်းစေပြီး လူမှုရေးတင်းမာမှုများကို လျှော့ချပေးနိုင်ကာ ပိုမိုစည်းလုံးညီညွတ်သော အမျိုးသားလက္ခဏာကို တည်ဆောက်ပေးနိုင်သည်။

**ခေတ်မီပညာရေး၏အရေးပါမှု**

ပညာရေးဆိုင်ရာသင်ယူမှုအပြင် ခေတ်မီပညာရေးသည် ခေတ်ပြိုင်အလုပ်အကိုင် ဈေးကွက်များ၏ လိုအပ်ချက်များနှင့်ကိုက်ညီပြီး လက်တွေ့ကျသော ကျွမ်းကျင်မှုများဖြင့် လူများကို ပြုစုပျိုးထောင်ပေးရမည်။ နည်းပညာ၊ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များသည် စက်မှုထွန်းကားရေး သို့မဟုတ် ဒစ်ဂျစ်တယ်အသွင်ပြောင်းနေသော နိုင်ငံများအတွက် လွန်စွာအရေးကြီးသည်။ ဤအစီအစဉ်များသည် သတင်းအချက်အလက် နည်းပညာ၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးကဲ့သို့သော နယ်ပယ်များတွင် လက်တွေ့ကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်သည်။ ပညာရေးကို စက်မှုလုပ်ငန်း လိုအပ်ချက်များနှင့် ချိတ်ဆက်ခြင်းဖြင့် နိုင်ငံများသည် လူငယ်၊ လူရွယ်များ အလုပ်အကိုင်အတွက် အသင့်ဖြစ်နေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးကူညီနိုင်မည်ဖြစ်သည်။

ခိုင်မာသော အသက်မွေးဝမ်းကျောင်းသင်တန်းများရှိသည့် ဂျာမနီနှင့် ဂျပန်ကဲ့သို့သောနိုင်ငံများတွင် လက်တွေ့ကျသောပညာရေးသည် စက်မှုလုပ်ငန်း ယှဉ်ပြိုင်နိုင်စွမ်းကို မည်သို့အားကောင်းစေနိုင်ပြီး လူငယ်အလုပ်လက်မဲ့နှုန်းကို လျှော့ချနိုင်ကြောင်း ပြသထားသည်။ စက်မှုလုပ်ငန်းများသည် အလိုအလျောက်စနစ်နှင့် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲလာသည်နှင့်အမျှ တစ်သက်တာသင်ယူရေးနှင့် စဉ်ဆက်မပြတ်ကျွမ်းကျင်မှု မြှင့်တင်ရေးသည်လည်း လုပ်သားအင်အားကို ထိန်းသိမ်းရန်အတွက် မရှိမဖြစ် လိုအပ်လာမည်ဖြစ်သည်။

ထို့ပြင် ပညာရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုတိုးတက်စေရန် မဟာဗျူဟာကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ ထိရောက်သော အုပ်ချုပ်မှု၊ ပွင့်လင်းမြင်သာသော ဖွဲ့စည်းမှုနှင့် တာဝန်ယူမှုရှိသော ခေါင်းဆောင်မှုတွင် ဥပဒေ၊ စီးပွားရေး၊ မူဝါဒနှင့် စီမံခန့်ခွဲမှုကိုနားလည်သော ပညာတတ်များ လိုအပ်သည်။ ဝန်ထမ်းများကို လေ့ကျင့်ပေးသော တက္ကသိုလ်များနှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသည် ထိရောက်ပြီး ခေတ်မီသောနိုင်ငံ တည်ဆောက်ရာတွင် တိုက်ရိုက်ပါဝင်သည်။ ခေါင်းဆောင်မှုပညာရေးသည် ကျင့်ဝတ်ဆိုင်ရာဆုံးဖြတ်ချက်ချခြင်း၊ တာဝန်ခံမှုနှင့် မဟာဗျူဟာကျသော တွေးခေါ်မှုကို မြှင့်တင်ပေးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အရည်အသွေးများဖြစ်သည်။ အစိုးရအဖွဲ့အစည်းများကို အရည်အချင်းရှိပြီး ကောင်းစွာလေ့ကျင့်ထားသောသူများက စီမံခန့်ခွဲသောအခါ မူဝါဒများသည် ပိုမိုထိရောက်ပြီး အမျိုးသားအကျိုးစီးပွားများနှင့် ကိုက်ညီစေသည်။

နောက်ဆုံး ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တွင် ပညာရေးသည် နိုင်ငံများကို နိုင်ငံတကာတွင် ပါဝင်ဆောင်ရွက်ရန်နှင့် ကမ္ဘာ့ဈေးကွက်ခုံတွင် ယှဉ်ပြိုင်ရန် ကူညီပေးသည်။ နိုင်ငံခြားဘာသာစကားများတွင် ကျွမ်းကျင်ခြင်း၊ ကမ္ဘာ့ဈေးကွက်များကို နားလည်ခြင်းနှင့် နိုင်ငံတကာစံနှုန်းများနှင့် ထိတွေ့ဆက်ဆံခြင်းသည် နိုင်ငံသားများကို နယ်နိမိတ်များ ဖြတ်ကျော်လုပ်ကိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာဖိုရမ်များတွင် ထိရောက်စွာညှိနှိုင်းရန် လုပ်ဆောင်နိုင်စေသည်။ ခေတ်မီပညာရေးသည် သိပ္ပံနှင့်နည်းပညာ သံတမန်ရေး၊ ယဉ်ကျေးမှုတို့တွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကိုလည်းအားပေးပြီး နိုင်ငံတစ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာတည်ရှိမှုကို အားကောင်းစေသည်။ နိုင်ငံတကာ ပညာရေးဖလှယ်မှုများကို လက်ခံကျင့်သုံးသော နိုင်ငံများသည် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးသည့် အသိပညာအသစ်များ၊ နည်းပညာများနှင့် ကွန်ရက်များမှ အကျိုးကျေးဇူးများ ရလေ့ရှိသည်။

သို့ဖြစ်၍ ပညာရေးကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ၏ အဓိကအချက်အဖြစ်ထားရှိခြင်းအားဖြင့် နိုင်ငံသားများကို ဦးဆောင်ရန်၊ ဆန်းသစ်တီထွင်ရန်နှင့် နောင်လာမည့် မျိုးဆက်များအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးရန်နှင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်ရန် ပြင်ဆင်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲကို Mahar Application မှ မူပိုင်ဇာတ်လမ်းတွဲအဖြစ် ဒီဇင်ဘာလပထမပတ်တွင် ထုတ်လွှင့်သွားမည်




**ရန်ကုန် နိုဝင်ဘာ ၂၇**

သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲကို Mahar Application မှ မူပိုင်ဇာတ်လမ်းတွဲအဖြစ် ဒီဇင်ဘာလပထမပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ပိုးမမိုးသာထံမှ သိရသည်။

အဆိုပါ သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို သျှင်မကရေးဖွဲ့ထားပြီး ညမွှေးပန်းနှင့် ငွေစင်သွန်းတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကြည်ဖြူသျှင်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"သုံးလွန်းတင်ပျို့ ဇာတ်လမ်းက ပိုးနဲ့မဟာရဲ့ ပထမဆုံးဇာတ်လမ်းဖြစ်ပါတယ်။ ပိုးရဲ့တတိယမြောက် ဇာတ်လမ်းလဲဖြစ်ပါတယ်။ ဒီဇာတ်လမ်းမှာတော့ ထူးခြားတဲ့ နာမည်နဲ့ ကောင်မကလေး တစ်ယောက် ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ကာရိုက်တာ နာမည်လေးကတော့ အပြာရင့်ရောင်ဖြစ်ပါတယ်။ ပရိသတ်တွေ မကြားဖူးသေးတဲ့ နာမည်လေးပေါ့။ ဒီကောင်မလေးရဲ့ ခံစားချက်တွေနဲ့ ဒီကောင်မလေးရဲ့ဘဝကို ကြည့်ရှုလိုက်ပြီဆိုရင် ကာရိုက်တာကို ချစ်ခင်အားပေးကြမှာလို့ ပြောချင်ပါတယ်" ဟု သရုပ်ဆောင် ပိုးမမိုးသာက ပြောပြသည်။

သုံးလွန်းတင်ပျို့ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ချမ်းမင်းရဲထွဋ်၊ အောင်လွင်မိုး၊ မြတ်သူရိန်ကျော်၊ ဇင်မျိုး၊ မင်းအာကာ၊ ပိုးမမိုးသာ၊ ဆုပန်ထွာ၊ ဖူးစုံ၊ မိုးပွင့်ဖြူ၊ ကေအေအိုင်၊ ခင်မို့မို့အေး၊ မေသွယ်၊ မြတ်အမရာနှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားကြကြောင်း သိရသည်။ ASH

# Baby Boom ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ကယ်ရှိုးဝေါတာရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၂၇**

Amazon MGM စတူဒီယို၏ Baby Boom ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ကယ်ရှိုးဝေါတာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။


အဆိုပါ ဇာတ်ကားသည် ဒါရိုက်တာ ချားရေးယာ ရိုက်ကူးခဲ့သည့် Baby Boom (1987)ကို ပြန်လည် ဆန်းသစ်ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Baby Boom ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် Amazon MGM နှင့် ဒါရိုက်တာ မိုက်ကယ်ရှိုးဝေါတာတို့ကြား သဘောတူညီချက်လက်မှတ် ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

Baby Boom ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Amazon MGM က လျှို့ဝှက်ထားဆဲဖြစ်သည်။

လက်ရှိတွင် အဆိုပါ Baby Boom ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Amazon MGM က ရွေးချယ်နေဆဲ ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ နိုဝင်ဘာ ၃၀ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင်လွှမ်းပိုင်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် Transporter Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးကူညီ တီးခတ်ပေးသွားမည် ဖြစ်သည့်အပြင် Transporter Music Band ၏ ပင်တိုင် တေးသံရှင်များကလည်း အားဖြည့်ကူညီ သီဆိုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"Transporter Bar မှာ လာမဲ့ နိုဝင်ဘာ ၃၀ ရက်ညမှာ ရှိနေပါမယ်။ Transporter ရဲ့ စင်မြင့်




ထက်မှာ Transporter Music Band နဲ့ ပင်တိုင်အဆိုတော်တွေကလဲ အကောင်းဆုံး တီးခတ်သီဆိုသွားမှာဖြစ်ပါတယ်။ DJ Artists နဲ့ အမိုက်ဆုံး Dancers တွေရဲ့ Performance တွေက အသင့်စောင့်နေမှာမို့ အပြတ်လန်းမဲ့ညကို ကြွခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် လွှမ်းပိုင်က ပြောပြသည်။

တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ Transporter Bar ၌ နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Pedro Pan သမိုင်းနောက်ခံဇာတ်ကား၌ မင်းသား ဂါရက်ဒီလာဟန့် ပါဝင်လာ

**နယူးယောက် နိုဝင်ဘာ ၂၇**

Pedro Pan အမည်ရှိ သမိုင်းနောက်ခံ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသား ဂါရက်ဒီလာဟန့်လည်း ပါဝင်လာကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။


Pedro Pan ဇာတ်ကားတွင် မင်းသား ဂါရက်ဒီလာဟန့်သည် မင်းသား နက်စတာကာဘွန်နယ်၊ အယ်လန်လီ၊ ဒန်နီပီနို၊ မင်းသမီး ပက်ဇီဂါတို့နှင့်အတူ သရုပ်ဆောင်ခဲ့သည်။

Pedro Pan ဇာတ်ကားသည် ကျူးဘားနိုင်ငံသားတစ်ဦး၊ အင်္ဂလိပ် ကျောင်းဆရာတစ်ဦးနှင့် အိုင်ယာလန် ခရစ်ယာန်ဘုန်းတော်ကြီးတစ်ဦးတို့က ကျူးဘားကလေးငယ် ၁၄၀၀ ကျော်တို့အား ကယ်ထုတ်ရန် ကြိုးပမ်းခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Pedro Pan ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ရစ်ချီအန်မက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို မက္ကဆီကိုနိုင်ငံ၌ ယခုလအတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ပန်ဒိုရာရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင်ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

နိုဝင်ဘာ ၂၈ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ပန်ဒိုရာရုပ်ရှင်ဇာတ်ကား Premiere Show ကို နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ပန်ဒိုရာရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် နေဝင်းထံမှ သိရသည်။

ပန်ဒိုရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ ဒီဒီထက်အောင်ကပင် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက ဇာတ်နဲ့လိုက်ဖက်အောင် ပုံစံလဲပြောင်းထားတယ်။ ပရိသတ်မမြင်ဖူးတဲ့ ကာရိုက်တာ တစ်မျိုးဖြစ်အောင် သရုပ်ဆောင်ထားတယ်။ ဒီဇာတ်လမ်းမှာက ဆင်းရဲတဲ့လူငယ်သုံးယောက် မွေးကတည်းက လမ်းပေါ်မှာ ကြီးလာခဲ့တဲ့ လူတွေပေါ့။ အဲဒီထဲမှာ တစ်ယောက်က ချမ်းသာချင်တယ်။ တစ်ယောက်က အဆိုတော်ဖြစ်ချင်တယ်။ တစ်ယောက်က ကျန်းမာရေးမကောင်းဘူး ကျန်းမာချင်တယ်။ ဒါတွေဖြစ်ဖို့အတွက် ကျွန်တော်တို့က ပရလောကနဲ့သွားပြီးတော့ ဘဝတွေကို အလဲအလှယ်လုပ်ကြတာပေါ့။ အဲဒီမှာ ဒီဇာတ်လမ်းဖြစ် ပေါ်လာတာပေါ့။ ဘယ်လိုတွေဖြစ်လာမလဲဆိုတာ ဒီဇာတ်ကားရုံတင်တဲ့အခါ စောင့်ကြည့်ကြပါအုံး"ဟု သရုပ်ဆောင် နေဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ပန်ဒိုရာရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် နေဝင်း၊ မင်းဘုန်းမြတ်၊ ရဲလွင်ဦး၊ ဇော်ဝင်းနိုင် (မန်း)၊ မေမြင့်မိုရ်၊ ခြူးစစ်ဟန်၊ ဆုထက်လှိုင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သရုပ်ဆောင် နေဝင်းထံမှ သိရသည်။

ASH

# Delegation led by Belarus President H.E. Mr. Alexander Gregoryevich Lukashenko arrives in Myanmar on state visit



Belarus President H.E. Mr. Alexander Gregoryevich Lukashenko being accorded welcome with the Guard of Honour upon arrival in Myanmar on a state visit.

**Nay Pyi Taw November 27**

Upon the invitation of Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission, the high-level delegation led by H.E. Mr. Alexander Gregoryevich Lukashenko, President of the Republic of Belarus, arrived in the Republic of the Union of Myanmar on a state visit. The special flight carrying the high-level delegation entered Myanmar's airspace this evening. It was greeted and escorted by three fourth-generation Su-30 SME multi-role fighter jets from the Myanmar Tatmadaw (Air) and subsequently landed at the Nay Pyi Taw Tatmadaw Airport.

Upon arrival at the airport, the high-level delegation led by the President of Belarus was warmly welcomed and greeted by Member of the SSPC Prime Minister U Nyo Saw, Union Minister for Transport and Communications U Mya Tun Oo, Chairman of the Nay Pyi Taw Council, Deputy Minister for Foreign Affairs, Ambassador of the Republic of the Union of Myanmar to the Republic of Belarus, Ambassador of the Republic of Belarus to the Republic of the Union of Myanmar and other officials.

Furthermore, the high-level delegation led by the President of Belarus was accorded a ceremonial welcome. In accordance with tradition for receiving State leaders, the Guard of Honour presented arms and lined the red carpet for the distinguished guests. Cultural troupes and dance groups performed traditional cultural dances as a welcome. Students waved the flags of both countries and chanted, "Long live the President of Belarus! Long live the lasting friendship between the two nations!" The welcome was also marked by a jubilant atmosphere with the display of commemorative flags of both nations along the route, decorative coloured lights, and large LED posters bearing the message: "Myanmar Warmly Welcomes H.E. Mr. Alexander Lukashenko, President of the Republic of Belarus."

Diplomatic relations between Myanmar and Belarus have now lasted for 26 years. Senior General Min Aung Hlaing had previously visited the Republic of Belarus twice in 2025 on state-level friendship visits, following an invitation from the Belarusian President. Now, at the invitation of the Senior General, H.E. Mr. Alexander Gregoryevich Lukashenko is making a state visit to Myanmar. This visit marks the first historic visit by a President of Belarus since the establishment of diplomatic relations between the two countries. During the visit, the President of Belarus is scheduled to meet with the Acting President of the Republic of the Union of Myanmar Chairman of the State Security and Peace Commission. They will hold discussions on matters related to enhancing friendship and comprehensive cooperation between the two countries and will sign Memoranda of Understanding.

This state visit will serve to enhance the friendship and cooperation between the two nations, enable cultural exchanges, facilitate the exchange of agricultural and livestock production technologies, and further promote collaborative efforts across various sectors. 100

# Myaung Township cultivates over 2,000 acres of winter seed corn and millets

**Myaung November 27**

More than 2,000 acres of seed corn and millets have been planted in Myaung Township, Sagaing District, Sagaing Region during this year's winter crops planting season, according to the statistics of the Department of Agriculture for Sagaing District.

In the 2025-2026 winter crops planting season, Myaung Township is planning to plant 7,224 acres of seed corn and 726 acres of millets, a total of 7,950 acres. Planting began in October this year. So far, 2,048 acres of seed corn and 202 acres of millets, a total of 2,250 acres, have been planted.

"We are working to ensure that the target acres are planted. We are providing education to help corns grow successfully and to prevent the spread of pests and diseases," said Daw Myat Moe Win, head of the Department of Agriculture for Sagaing District.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over 500,000 kyats. 206

# Türkiye announces new Neolithic-era findings from major archaeology project

**Ankara November 27**

Türkiye has unveiled new discoveries at Tas Tepeler, one of the country's largest archaeology projects shedding light on the Neolithic era, a cabinet minister said on Wednesday.


During a briefing at the Karahantepe Visitor Center in southern Sanliurfa province, Turkish Culture and Tourism Minister Mehmet Nuri Ersoy said a human sculpture, which is believed to have been placed as a votive offering, was unearthed at the Gobeklitepe site. He described it as a highly aesthetic and striking example of Neolithic sculptural style.

Ersoy also presented two human-face reliefs uncovered during the 2025 excavation season at the Sefertepe archaeological site.

He said the artworks carry an aesthetic distinct from styles previously observed in Gobeklitepe, Karahantepe and Sayburc archaeological sites.

Ersoy added that a double-faced human motif carved into a black serpentine bead found at Sefertepe represents another important discovery that sheds light on the symbolic world of the region.

Xinhua


Photo taken on Nov. 26, 2025, shows a view of Karahantepe archaeological site in Sanliurfa, Türkiye.

# Philippines welcomes S&P's affirmation of its investment-grade rating, positive outlook

**Manila November 27**

The Philippine central bank Bangko Sentral ng Pilipinas (BSP) on Thursday welcomed S&P Global Ratings' affirmation of the Philippines' long-term "BBB+" and short-term "A-2" sovereign investment-grade credit ratings, alongside a continued positive outlook.

The central bank said S&P's decision reflects the country's above-average economic growth potential, strong external position, policy continuity, and ongoing reforms aimed at improving the investment climate.

"S&P's rating decision confirms our view of the favorable long-term economic growth prospects," BSP Governor Eli Remolona said.

The rating agency cited the BSP's track record of maintaining low inflation and its history of independence as key strengths.


While the country's gross domestic product growth eased to 4 percent in the third quarter of 2025 from 5.5 percent in the previous quarter, S&P stressed that the slowdown is temporary.

S&P projects Philippine economic growth at 4.8 percent in 2025, rebounding to 5.7 percent in 2026 and 6.5 percent in both 2027 and 2028.

Xinhua

# Individuals engaged in online fraud and gambling operations arrested in Kyethi Township near Mong Nawng Town, Shan State (South), along with operational equipment, weapons and ammunition


Footage from November 24 showing security force members entering, searching, inspecting, exposing, and then burning down a location near Naung Tawk Village, southeast of Mong Nawng Township, which had been used for online financial fraud and gambling activities.


Footage from November 26 showing security force members entering, searching, inspecting, exposing, and then destroying a location near Wan Kyaung Village, southeast of Mong Nawng Township, which had been used for online financial fraud and gambling activities.

**Nay Pyi Taw November 27**

The State Government is actively undertaking the suppression of online fraud and gambling, viewing it as a national duty to prevent it from taking root in Myanmar by coordinating with internal forces and the governments of neighboring countries; in this effort, on November 24, 25, and 26, near Mong Nawng Town, Kyethi Township, Shan State (South), a total of 26 foreign nationals and 8 Myanmar citizens engaged in online fraud and gambling operations were arrested, along with related equipment used for committing online fraud and gambling, as well as weapons and ammunition.

It is reported that on November 24, security forces conducting regional security operations in Kyethi Township, upon reaching the area northwest of Naung Tawk Village, southeast of Mong Nawng Town, Kyethi Township, encountered suspicious buildings and, upon entering and inspecting them, found them to be a location where online financial fraud and gambling were being conducted; however, no individuals were found working there. Items discovered and seized included: 5 temporary residential canvas tents (40 ft long, 20 ft wide), 6 temporary residential canvas tents (20 ft long, 10 ft wide), 7 temporary residential canvas tents (10 ft long, 10 ft wide), 3 water tanks (10 ft long, 10 ft wide), 5 pigsties, 8 guard posts, 2 kitchens, 150 plastic chairs, 1 large dressing table, 5 wooden stools, 2 monitors, and 1 STARLINK dish.

As the security forces continued their regional security operations, on November 25, near Kaung Hine Village, southeast of Mong Nawng Town, they discovered additional temporary buildings and related operational equipment used for online fraud and gambling, which were subsequently seized. The seized items included: 3 temporary residential canvas tents (70 ft long, 30 ft wide), 2 temporary residential canvas tents (40 ft long, 40 ft wide), 1 temporary residential canvas tent (25 ft long, 15 ft wide), 28 temporary residential canvas tents (20 ft long, 15 ft wide), 3 generators, 1 small refrigerator, 1 freezer, 5 air coolers, and 1 Land Cruiser vehicle.

Also, it is reported that as the security forces continued their regional security operations, on November 26, near Wan Kyaung Village, southeast of Mong Nawng Town, they discovered and seized numerous items, including: 1 zinc-roofed hut (unoccupied) (150 ft long, 15 ft wide, 15 ft high), 1 zinc-roofed workshop (120 ft long, 30 ft wide, 15 ft high), 1 zinc-roofed plywood-walled structure (150 ft long, 6 ft wide, 8 ft high), 1 zinc-roofed plywood-walled structure (15 ft long, 6 ft wide, 8 ft high), 1 zinc-roofed hut (unoccupied) (150 ft long, 15 ft wide, 15 ft high), 1 roofless hut (80 ft long, 15 ft wide, 15 ft high), 1 zinc-roofed plywood-walled hut (100 ft long, 25 ft wide, 15 ft high), 1 collapsed roofless hut (100 ft long, 25 ft wide, 15 ft high), 1 canvas-roofed hut (100 ft long, 25 ft wide, 15 ft high), 1 collapsed canvas-roofed hut (100 ft long, 25 ft wide, 15 ft high), 1 canvas-roofed plywood warehouse (20 ft long, 120 ft wide, 15 ft high), 1 zinc-roofed plywood-walled residential house (20 ft square), 2 roofless huts (150 ft long, 15 ft wide, 15 ft high), and 4 blue tanks (800-gallon capacity), all of which were being built for online fraud and gambling operations. Additionally, during a subsequent clearance operation in the area south of Naung Tawk Village, southeast of Mong Nawng Town, they arrested 26 Chinese nationals and 8 Myanmar citizens who were engaged in online fraud and gambling. Based on their confessions, the following items were seized from a nearby hiding place: 1 MA-1 rifle, 1 MA-13 rifle, 1 AK-12 rifle, 1 Carbine rifle, 1 WICHESTER 12 V shotgun, 10 rounds of 9mm ammunition, 2 rounds of 12 V ammunition, 1 9mm magazine, 1 AK magazine, and 1 Carbine magazine.


The 8 Myanmar nationals who were arrested.

The report concluded that the seized items, temporary residential buildings, and accommodations were burned and destroyed. Efforts are underway to systematically investigate and identify the arrested individuals and those involved, to prosecute them in accordance with the law, and to transfer the foreign nationals back to their respective countries in line with humanitarian considerations and inter-state friendship, while the seized weapons and ammunition are being handled according to established procedures. 100


The seized weapons and ammunition.



The seized weapons and ammunition.

# Ten more buildings used for committing online scam and gambling in KK Park phase 3 area demolished and destroyed; authorities start sealing off illegal buildings in Shwe Kokko area

An illegally constructed 3-story building in Section (3) of the KK Park area.



Before demolition.



After demolition.



Image of security forces clearing out a 9-story building that could house illegal foreigners.



Image of security forces clearing out a single-story building that could house illegal foreigners.

**Nay Pyi Tw November 27**

The Myanmar government is launching clearance operations in illegal buildings and systematically destroying seized materials and buildings used in online scam and gambling in Shwe Kokko and KK Park areas, the major hubs of online scam and gambling, with combined teams including security forces, administrative bodies and local officials.

Its ongoing anti-online scam and gambling mission includes three phases in systematically demolishing and destroying the buildings used in the illegal business in Myawady-Maehtawlay (KKPark) area, destroying ten more illegal buildings in the phase 3 area today. Up to this date, the combined teams had destroyed 108 illegal buildings in the phase 3 area out of 425, and 256 buildings out of 635 in KK Park area.

Likewise, the teams started their clearance and investigation operations at two one-storey buildings, 11 two-storey buildings, 42 three-storey buildings, one seven-storey building, two nine-storey buildings, one 17-storey building, totalling 59, which were residential buildings, warehouses, shops, hotels and KTVs, in Shwe Kokko area on 18 November. Although online scammers were not found, 120 phones of various types, 212 computers of various types and accessories were found and seized.

During the operation, which started on 18 November in Shwe Kokko area, the teams exposed 109 illegal buildings till today, and up to now, they had sealed off 21 of them.

Till today, the clearance operations of the combined teams exposed and arrested a total of 2042 foreigners, who entered Myanmar illegally, and seized and destroyed 3310 computers, 21870 cell phones, 102 Starlink dishes, 22 Routers, and a large number of business-related items in Shwe Kokko area. The operations continue.

Illegal foreigners found and arrested in the area were kept at a building in Lonhtint-wun, Shwe Kokko Myaing village, Pulwepu village-tract, Myawady Township, and during the examination process, the illegal foreigner inspection found 195 foreigners. The combined departmental teams were documenting their personal information and records to transfer them back to their countries soonest.

From January 30, 2025, to the present day, a total of 12,882 foreign nationals who illegally entered Myanmar have been detained, and 12,687 of them have been processed for repatriation. Of that number, 10,029 individuals have already been systematically deported and handed over to their respective countries via Thailand in accordance with legal procedures, and the remaining 2,853 foreign nationals are ready to be transferred to their respective countries and are being well cared for.

The Government is committed to preventing online fraud and gambling from taking root in Myanmar as a national duty and will continue to coordinate and cooperate with the government of neighboring countries, in addition to internal forces, to carry out these operations. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including school-teachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၉၆၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၂၉၆၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၈၈၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၈၅၉ ဧက၊ ကနီမြို့နယ်တွင် ဧက ၁၉၀၀၊ ပုလဲမြို့နယ်တွင် ၂၀၇ ဧက စုစုပေါင်း ၂၉၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ထောပတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထားစိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၇၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၈၀၀၊ ပုလဲမြို့နယ်တွင် ဧက ၂၁၀ စုစုပေါင်း ၃၈၈၅ ဧက ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)





# အုတ်တွင်းမြို့နယ် လက်ပံခုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်း စစ်ဆေး



**အုတ်တွင်း နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပေါက်တောကျေးရွာအုပ်စု လက်ပံခုံကျေးရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လက်ပံခုံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အုတ်တွင်းမြို့နယ် လက်ပံခုံကျေးရွာ၌ အရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်း အသုံးပြုပြီး Regal Universal ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက လက်ပံခုံကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေများမှ ထွက်ရှိမည့် ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်ထံမှ သိရသည်။

**ကိုညို**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဖီးကြမ်းငှက်ပျောသီးအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ပဲ တင်ပို့ရောင်းချခဲ့တာပါ။ ဒေသတွင်းဈေးကွက်မှာလဲ ငှက်ပျောသီးတွေက ဝယ်လိုအားများနေတဲ့အခြေအနေမှာ ရှိပါတယ်။ လက်ရှိမှာလဲ ရန်ကုန်ဈေးကွက်က ဖီးကြမ်းငှက်ပျောသီးတွေကို ဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက်ငှက်ပျောသီးများ အရောင်းအဝယ် ပြုလုပ်နေရသည့်အတွက် ငှက်ပျောစိုက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများအလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြန်အောင်မြို့နယ် ငါးဘတ်ကျကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**မြန်အောင် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဘတ်ကျကျေးရွာအုပ်စု ငါးဘတ်ကျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၆ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ငါးဘတ်ကျကျေးရွာ ရပ်မိရပ်ဖများ၊ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ငါးဘတ်ကျကျေးရွာတွင် အရှည် ၄၂၇၆ ပေရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၉ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

# ရန်ကုန်မြို့တွင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကျင်းပ









**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံကုန်သည်စက်မှုအသင်းများ ဖြစ်ကြသော UMFCCI နှင့် BelCCI တို့ပူးပေါင်း၍ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ LOTTEE ဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့နှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim RYZHENKOV ဦးဆောင်သည့် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဝန်ကြီး၊ စက်မှုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်းလူဦးရေ ၁၃၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး၊ နှစ်နိုင်ငံအကြီးအကဲများ၏ မဟာဗျူဟာမြောက် လမ်းညွှန်ချက်နှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ-ဘယ်လာရုစ် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များ၊ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် EAEU ဈေးကွက်သို့ ချိတ်ဆက်နိုင်မည့်အခြေအနေများကို အဓိကထားဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဘယ်လာရုစ်နိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim RYZHENKOV၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H. E. Ms. Nadezhda LAZAREVICH တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းစာချုပ် ၁၆ စောင်ကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက ကဏ္ဍအလိုက် Powerpoint Presentation ဖြင့် ဆွေးနွေးခြင်းအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပြီး စီးပွားရေးချိတ်ဆက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြသည်။ ယနေ့ဆွေးနွေးပွဲတွင် ဘဏ်နှင့် ငွေကြေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို အဓိကဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့သည် နံနက်ပိုင်းဖိုရမ်မစတင်မီအချိန်တွင် ဘယ်လာရုစ်နိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လည်း သီးခြားစီတွေ့ဆုံ၍ မိမိတို့ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် အသေးစိတ်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

မြန်မာ-ဘယ်လာရုစ် ပူးတွဲကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဘက်မှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် သီးခြားတွေ့ဆုံကာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တတိယအကြိမ် ပူးတွဲကော်မတီ ညှိနှိုင်းအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးကိစ္စများအတွက် ဦးတည်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ မြန်မာ-ဘယ်လာရုစ်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)နှင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် အစားအစာဝန်ကြီး H.E.Mr.Yury GORLOV နှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးထုတ်ကုန်များနှင့် စားသောက်ကုန်များ အပြန်အလှန်ကုန်သွယ်မှုတိုးတက်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံကထွက်ရှိသည့် ဆန်၊ ရော်ဘာ၊ အခွံမာသီး၊ သစ်သီးဝလံ၊ ကော်ဖီတို့ကို တင်ပို့နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံမှ ဒိန်ခဲနှင့် ထောပတ်တင်သွင်းနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ တင်ပို့တင်သွင်း ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ အချင်းချင်းချိတ်ဆက်ဆောင်ရွက်ပေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီး H.E.Mr. Andrei KUZNETSOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အလို့ငှာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာ (Memorandum of Intent-MoI) ကို လက်မှတ်ရေးထိုးပြီးဖြစ်ခြင်းကြောင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အဆိုပါ MoI နှင့် Road-map တို့အပေါ်အခြေခံ၍ မြန်မာနိုင်ငံ၏ အလားအလာရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည့် ကင်ဆာရောဂါကုသဆေးဝါးများထုတ်လုပ်နိုင်ရေးနှင့် ကင်ဆာရောဂါကုသဆေးဝါးထုတ်လုပ်မှုနည်းပညာဆိုင်ရာကူညီပံ့ပိုးမှုများ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ သင်ကြားလေ့ကျင့်မှုများကိစ္စရပ်များကိုလည်းကောင်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ MSME ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ MSME ထွက်ကုန်များ ဈေးကွက်ရရှိရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသင့်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်



၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။




၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

စင်ကာပူနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် ၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲ(33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် စင်ကာပူနိုင်ငံသို့ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်ပိုင်းတွင် စင်ကာပူတပ်မတော်၏ Singapore Armed Forces Training Institute(SAFTI)သို့ရောက်ရှိခဲ့ပြီး မြို့တွင်းစစ်ဆင်ရေး လေ့ကျင့်ရေးကွင်းနေရာနှင့် မြို့တွင်းစစ်ဆင်ရေးဆောင်ရွက်ရာတွင်အသုံးပြုသည့်သဏ္ဌာန်တူလေ့ကျင့်ရေးအထောက်အကူပြုလက်နက်စနစ်များ၊ လက်ဖြောင့်သေနတ်သရုပ်ပြပစ်ခတ်မှု၊ စောင့်ကြည့်ထောက်လှမ်းရေးသုံးဒရုန်းသရုပ်ပြပျံသန်းမှု၊ မြေပြင်သွား မောင်းသူမဲ့ယာဉ်စနစ်များကို လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် Singapore Armed Forces Training Institute ၏ စစ်ရေးပြကွင်းသို့ရောက်ရှိခဲ့ပြီး အာဆီယံကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့်အတူ Novelty Shoot ပစ်ခတ်စဉ်၌ ပါဝင်ပစ်ခတ်ခဲ့သည်။ ဆက်လက်၍ စင်ကာပူတပ်မတော်က အသုံးပြုလျက်ရှိသည့် တိုက်ခိုက်ရေးယာဉ်များနှင့် မောင်းသူမဲ့ယာဉ်စနစ်များအသုံးပြု၍ အဆောက်အအုံအတွင်းရှိ ရန်သူအားရှင်းလင်းခြင်းသရုပ်ပြသည့် မြို့တွင်းစစ်ဆင်ရေးသဏ္ဌာန်တူလေ့ကျင့်ခန်းသရုပ်ပြသမှုကို လေ့လာကြည့်ရှုခဲ့သည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် ၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲ(33rd ASEAN Armies Rifle Meet-33rd AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံကြည်းတပ်ဦးစီးချုပ်များ၊ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဆက်လက်၍ မြန်မာ့တပ်မတော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်နေသည့် သေနတ်ပစ်အသင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ ညနေပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များနှင့်အတူ ၃၃ ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲ (33rd AARM) ၏ နှုတ်ဆက်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဒ၀၁)

# မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ် ၁၀၀ ပြည့် အခမ်းအနားပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

၁၉၂၅ ခုနှစ်က မန္တလေးမြို့ ဆိုင်းတန်းရပ်၌ ဆရာကြီး မြို့မငြိမ်း(ခ) ဦးကျော်ငြိမ်းအပါအဝင် ဝါသနာရှင်လူငယ်တစ်စုဖြင့်စတင်ဖွဲ့စည်းခဲ့သည့် မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းနှစ် ၁၀၀ ပြည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရတနာပုံခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မအပျော်တမ်းတူရိယာအသင်း အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်း နှစ် ၁၀၀ ပြည့် အခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ရတနာပုံခန်းမအတွင်း၌ ခင်းကျင်းပြသထားသော မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း၏ခေတ်အဆက်ဆက်ထိန်းသိမ်းထားရှိသောမှတ်တမ်းဓာတ်ပုံများနှင့် တူရိယာပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားပြီး မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး၏ဥက္ကဋ္ဌက မြို့မအသင်းကြီးအကြောင်းကိုရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့မမောင်မယ်များနှင့် ကျောင်းသား၊ကျောင်းသူများက အကအလှ သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းကြီးအဖွဲ့ကို ဂုဏ်ပြုမင်္ဂလာပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဒ၀၁)

# ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ(၇/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူကြီးကြပ်မှုကော်မတီ၏(၇/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ပြုလုပ်ရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မဲစာရင်းပြည့်စုံမှန်ကန်စေရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးက Videoconferenceဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက မဲစာရင်းပြည့်စုံတိကျမှန်ကန်စေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(ဒ၀၁)



ကရင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ (၇/၂၀၂၅)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

# နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း



နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများကို မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေး ကောင်စီသည်ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင် ရေးအတွက် အဓိကထားဆောင်ရွက် လျက်ရှိသည့်အားလျော်စွာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေး ဦးတည် ချက်ချမှတ် ဆောင်ရွက်လျက်ရှိသည်။ မကြာမီကျင်းပတော့မည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံး စေရေးနှင့် လွတ်လပ်မျှတစွာ ဆန္ဒမဲပေး နိုင်ရေးအတွက် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်း စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက် ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၇၂၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ **“နောက်တစ်ကြိမ် ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များ ကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု ခဲ့သည်။

ထို့ပြင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်း ထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၂၃၆၁ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်း သက်သာခွင့်ပြုခဲ့သည်။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုဖြင့် ထွက် ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့် ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူဦးရေ ၅၅၈၀ တို့၏ ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း ၍ တရားခံများကို အမှုမှကင်းလွတ်ခွင့်ပြု ခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့ သည့် အကျဉ်းသူ၊ အကျဉ်းသားများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချ မှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့် သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက် ပေးထားပြီး ယခုပြန်လည် လွတ်မြောက် လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဘယ်လာရုစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ် ကြီးနှင့် တာဝန်ရှိသူများက ရင်းနှီး နွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက် ကြသည်။

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတဦးဆောင်သည့် အဆင့်မြင့်ကိုယ်စား လှယ်အဖွဲ့ကို နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆို သည့်အစဉ်အလာနှင့်အညီ ကော်ဇောနီ လျှောက်လှမ်းတစ်လျှောက် အလေးပြု ကြိုဆိုကြပြီး တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် အကအဖွဲ့များက ရိုးရာ ယဉ်ကျေးမှုအကအလှတို့ဖြင့် ကြိုဆိုကပြ ဖျော်ဖြေကြကာ ကျောင်းသား၊ ကျောင်းသူ များက နှစ်နိုင်ငံအလံများ ဝှေ့ယမ်းကာ “ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး ကျန်းမာပါစေ၊ နှစ်နိုင်ငံ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေ”ဟု ကြွေးကြော်၍လည်း ကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် နှစ်နိုင်ငံအထိမ်းအမှတ် အလံများစိုက်ထူ ခြင်း၊ ရောင်စုံမီးအလှဆင်ထားရှိခြင်း၊ “ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအလက် ဇန္ဒားလူကာရှန်ကိုအား မြန်မာနိုင်ငံမှ လှိုက်လှဲစွာကြိုဆိုပါ၏”ဟု ရေးသား ဖော်ပြကြိုဆိုထားသည့် LED ပိုစတာကြီး များ စိုက်ထူခြင်းဖြင့် လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံတို့၏ သံတမန်ဆက်ဆံမှုမှာ ၂၆ နှစ် တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သို့ ၂၀၂၅ ခုနှစ် အတွင်း နိုင်ငံတော်အဆင့် ချစ်ကြည်ရေး ခရီးနှစ်ကြိမ်သွားရောက်ခဲ့ပြီး ယခုအခါ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အနေဖြင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာ ရေးကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခုခရီးစဉ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုကာလအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတစ်ဦး၏ ပထမဆုံးသမိုင်းဝင်ခရီးစဉ်ဖြစ်ကြောင်း၊ ချစ်ကြည်ရေး ခရီးစဉ်ရောက်ရှိစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရေး နှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးခြင်း၊ နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လက်မှတ် ရေးထိုးခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်သည်။

ယခုကဲ့သို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက် မှုဆိုင်ရာများမြှင့်တင်ခြင်း၊ ယဉ်ကျေးမှု ဆိုင်ရာများ အပြန်အလှန်ဖလှယ်နိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု နည်းပညာများ အပြန်အလှန်ဖလှယ်နိုင် ခြင်းနှင့် နှစ်နိုင်ငံအကြား နယ်ပယ်ပေါင်းစုံ ၌ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် မြှင့်တင်ဆောင်ရွက် သွားနိုင်မည်ဖြစ် ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့ရှိ ဒေသခံပြည်သူ ၆၅၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ငပုတောမြို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ငပုတောမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝင်းအတွင်း အခြေပြု၍ ဒေသခံပြည်သူ ၆၅၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါဦးရေ ၂၄၀၊ ခွဲစိတ်ရောဂါ ၈၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၈ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါဦးရေ ၁၀၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၇၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါဦးရေ ၈၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ ကိုးဦး၊ ဓာတ်မှန်ရိုက်လူနာ ခြောက်ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို "အစားအစာနှင့်အာဟာရ" ခေါင်းစဉ်ဖြင့် ကျောင်းကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီး ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် ခွဲစိတ်ကုသမှုခံယူကြမည့် ဒေသခံပြည်သူများကို ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် လိုက်ပါတာဝန်ထမ်းဆောင်ကြသည့် အရာရှိ၊ စစ်သည်များအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်းယခုလိုပဲ ကြားသိခဲ့ရပါတယ်-

"အခု မောတောတောဖြစ်ပြီးတော့ ကျပ်တတ်တတ်နဲ့ ရှိုရှိုအော်နေလို့ အဲ့ဒါလာပြတာပါ။ ဆရာဝန်ကလဲကောင်းပါတယ်တဲ့။ လိုတဲ့ဟာကို အကုန်အားလုံးပြောတယ်။ ကျန်းမာရေးအနေနဲ့ အငန်ကိုတော့ရှောင်ပါတဲ့။ ကျန်တာတော့ဘာမှမဖြစ်ဘူး။ အထူးကုလာပြတဲ့အတွက် အကုန်လုံးကျေးဇူးတင်ပါတယ်။ ရွာမှာလဲ ဆရာမတွေကို တစ်ဆင့်တစ်ဆင့်လက်ဆင့်ကမ်းပြီး ပြောပြတယ်။ အခုလိုလာပြီးတော့ အထူးကုတဲ့ ဆရာဝန်၊ ဆရာမတွေကအစ ရတနာစိန်ကျောက်ဖြိုးလို့ မောက်သလို ၉၆ ပါးကင်းစင်ပြီး အန္တရာယ်ကင်း ဘေးဒုက္ခမကြုံရဘဲ အသက်တစ်ရာကျော်မကရှည်ကြပြီး မပျက်ဒါန သီလဘာဝနာပွားပြီးလျှင် ဒီနေ့ ဒီရက် ဒီအချိန်ကစပြီး ကုသပေးတဲ့ လူငယ်မှန်သမျှ ဘေးမျိုးစုံကင်းစင်လွင့်ပျောက်ကြပါစေ" ဟု ပြောသည်။

"ကျန်းမာရေးအခြေအနေက ကျွန်တော့်မျက်လုံးခွဲမယ်ခင်ဗျ။ နောက်ပြီး လည်ပင်းမှာရှိတဲ့ အကျိတ်လဲ ခွဲမယ်ခင်ဗျ။ မျက်လုံးနဲ့ အကျိတ်နဲ့ဆိုလို့ရှိရင် ဒီအကျိတ်က တော်တော်နာနေတယ်။ ဒီရက်ထဲမှာ ဒီတစ်လ နှစ်လအတောအတွင်းမှာ နာတယ်။ မျက်လုံးကတော့ ဒီညာဘက်မျက်လုံးပဲမြင်တယ်။ ဘယ်ဘက်မျက်လုံးကတော့ဝေနေတယ် မမြင်ရဘူး။ ပြတာတော့ အင်မတန်ကောင်းပါတယ်။ စိတ်လဲချမ်းသာတယ်။ Very Good တအားကြီးကောင်းတယ်။ ဆက်ဆံရေးလဲကောင်း၊ အစစအရာရာ လိုလေးသေးမရှိ ပျူပျူငှာငှာ ဆက်ဆံပါတယ်။ အခုမျက်လုံးကို ဒီနေ့ခွဲမယ်ဆိုလို့ရှိရင် သင်္ဘောပေါ်မှာ ခွဲပေးမယ်တဲ့။ အကျိတ်ကိုတော့ အခုခဏစောင့်ပါတဲ့။ တော်ကြာလို့ရှိရင် အဖြေလာပေးပါမယ်လို့ ပြောပါတယ်ခင်ဗျ။ ခဏတော့ စောင့်ခိုင်းပါတယ်။ ကျွန်တော်လဲ အားကိုးပါတယ်။ စောင့်မှာပါ။ အဘအနေနဲ့တော့ တအားကြီးကျေးဇူးတင်ပါတယ်။ ရပ်ဝေးရပ်နီး အဝေးကနေပြီးတော့ ကျွန်တော်တို့ဒေသကို အခုလိုလာပြီး ကူညီပံ့ပိုးပေးတဲ့ ပြည်သူအားလုံးနဲ့ ကျွန်တော်တို့က ကျေးဇူးလဲတင်ပါတယ်။ ဝမ်းလဲဝမ်းသာပါတယ်။ ပီတိလဲဖြစ်ပါတယ်" ဟု ပြောသည်။

"လက်တွေက ထုံတယ်။ ကျဉ်တယ်။ ခြေထောက်တွေက လမ်းသွားလို့ရှိရင်လေ အောင့်တယ်။ အဲ့ဒါကြောင့်လာပြတာပါ။ ဖြစ်တာတော့ကြာပြီ။ မနှစ်တုန်းကလာတုန်းက အမျိုးသားက ဆေးရုံတက်နေတော့ မပြဖြစ်ဘူး။ အခုမှလာပြတာ။ သူများတွေက ရွာထဲမှာ ဆရာတွေလာတယ်တဲ့။ အဲဒါသွားပြချင်ရင် ပြလို့ရတယ်ပေါ့။ အဲဒါနဲ့ပဲ လာလိုက်တာပါ။ အကြောတွေအားနည်းနေတယ်ဆိုပြီးတော့ အစားကို များများစားပေးပေါ့နော်။ ဆေးလဲထိုးပေးလိုက်တယ်။ အဖွဲ့သားတွေ အားလုံးလာရောက်ပြီးတော့ ကုသပေးတဲ့အတွက် ပေါ့နော် ကျေးဇူးလဲတင်ပါတယ်။ နောက်ကိုလဲ လာရောက်ပြီးတော့ ကုသပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်" ဟု ပြောသည်။ (၅၀၁)







# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ် စကားမြားကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ် စကားမြားကျေးရွာရှိ မဟာရုံကျောင်းတိုက်၌ အခြေပြု၍ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြောင်းမြမြို့နယ် စကားမြားကျေးရွာမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၀၁ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွားမီးယပ်ရောဂါဦးရေ ၃၀၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၃၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိရောဂါ ၃၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၁ ဦး စုစုပေါင်း ဒေသခံပြည်သူ ၄၁၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာဦးရေ ၃၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"အထက်ကွမ်းခြံကျေးရွာကနေ လာရောက်ပြီးတော့ ဆေးကုသမှုခံယူတာပါ။ ကျွန်တော်ကတော့ အထွေထွေပေါ့နော်။ အသက်က ၆၀ ကျော်ဆိုတော့ မောတာတို့၊ ဘာတို့ အဲ့ဒီလိုမျိုးပေါ့။ ဟုတ်ကဲ့ လာပြတာပါ။ အိမ်တိုင်ရာရောက် နီးနီးပေါ့နော်။ လာပြီးတော့ပြရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ သောက်ဆေးတွေပေးတယ်။ နောက်ပြီး လိုအပ်တဲ့ ဆေးတွေကို ဘယ်နှလ စွဲသောက်ရမယ်။ အတိအကျလုပ်ပေးပါတယ်။ နယ်လှည့်ဆေးကုသရေးအဖွဲ့မှာ ပါရဂူတွေကအစ အကုန်လုံး အပြည့်အစုံပါပါတယ်။ အဲ့ဒီအတွက်လဲ လာရောက်ကုသတဲ့ သူတွေကနေပြီးတော့ အထူးပဲအားထားတယ်။ ဘာလို့လဲဆိုတော့ ဟိုကျန်ခဲ့တဲ့ တစ်နှစ်ကျော်ကလဲ ကျွန်တော်တစ်ခါပြဖူးတယ်။ အရိုးအကြော ဆရာဝန်ကြီး ပါရဂူကြီးကလုပ်လိုက်တာ ချက်ချင်းပျောက်သွားတယ်။ ကျွန်တော်အားကိုးတယ်။ အားထားတယ်။ ဒါကြောင့်မို့လို့ ဒီနှစ်လဲ ဆက်လာတာ။ အခုလို လာရောက်ပြီးတော့ ကုသပေးတဲ့အားလုံး အဖွဲ့သားအားလုံး၊ အရာရှိ၊အရာခံအားလုံးကိုလဲ အထူးပဲကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

"အ.ထ.က စကားမြားကပါ။ ကျွန်မကတော့ မျက်စိရောဂါကို လာပြီးတော့ ပြတာဖြစ်ပါတယ်။ မျက်စိထဲမှာ အစက်အပြောက်ကလေးတွေ့လို့ပေါ့နော်။ လာပြီးတော့ပြတာပါ။ ဆေးတွေပေးလိုက်တယ်။ မျက်မှန်တွေပေးလိုက်တယ်ပေါ့နော်။ နီးနီးနားနားနဲ့ ကျေးရွာဘေးနားမှာရှိတဲ့ ရွာသူရွာသားအားလုံးအတွက်လဲ ကောင်းတယ်ပေါ့နော်။ ကျန်းမာရေးကုသမှုတွေခံရတဲ့အတွက် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ တကူးတက သွားရမယ့်နေရာကို မသွားရဘဲနဲ့ အိမ်တိုင်ရာရောက်ပဲ တချို့ကျတော့မသွားနိုင်ဘူးလေ။ အဲ့ဒီလိုမျိုးရောဂါတွေ တအားပြင်းထန်တဲ့သူတွေကျမသွားနိုင်ဘူး။ အရိုးအကြော ဘာညာပေါ့။အဲ့ဒီလိုမျိုးတွေကျတော့ မသွားနိုင်တဲ့အတွက် သူတို့ကလာပြီးတော့ကုသတဲ့အတွက် ပိုပြီးတော့ကောင်းမွန်ပါတယ်ပေါ့နော်။ ကျွန်မတို့ရွာကို အခုလို အထူးတလည်လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် အားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောသည်။ (၅၀၁)





# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၅ / ၂၀၂၅) ထုတ်ပြန်

၁။ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၂၆-၁၁-၂၀၂၅ ရက်စွဲပါ အမိန့်အမှတ်(၁၀/၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကအရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၇၂၄ ဦးတို့ကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လျှော့ပေါ့၍ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး အမိန့်အမှတ်(၁၁/၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကအရ ပြစ်မှုထင်ရှားစီရင်ခံရပြီး အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၂၃၆၁ ဦးကို ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပါသည်။ ထို့ပြင် အမိန့်အမှတ်(၁၂/ ၂၀၂၅) ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံရသူ ဦးရေ ၅၅၈၀ တို့၏ ကြားနာစစ်ဆေးဆဲ အမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန်အမိန့်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၂၁ တွင် **“လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သောမဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလအပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်”**ဟု ဖော်ပြပါရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈(က)တွင် **“နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်”**ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ အမှုမှလွှတ်ရန်အမိန့်များ ထုတ်ပြန်ခဲ့ခြင်းတို့ကြောင့် လွတ်မြောက်လာသူများသည် ယင်းတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်လာကြကာ မိမိတို့၏ဆန္ဒသဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ပြသခွင့် ရရှိကြမည်ဖြစ်ပါသည်။ ထို့ပြင် ပုဒ်မ ၅၀၅-က ပြစ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူများသည် မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိပြီး စိတ်အေးချမ်းစွာ ဆန္ဒမဲပေးပိုင်ခွင့် ရရှိကြမည် ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊ အကြံပြုတိုက်တွန်းချက်များပေးပို့ခြင်းတို့ ဆောင်ရွက်လျက်ရှိရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းသက်သာခွင့်တို့အတွက် ထည့်သွင်းစဉ်းစားရာ၌ ပြစ်မှုအားလုံး တန်းတူပါဝင်စေရေး အကြံပြုချက်လည်းပါဝင်ခဲ့ပါသည်။ ယခုကဲ့သို့ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များရရှိလာစေသည့်အတွက် နိုင်ငံတော်က ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နှင့်စပ်လျဉ်းသည့် အမှုများအပေါ် လွတ်ငြိမ်းသက်သာခွင့်အမိန့်များ ထုတ်ပြန်ခဲ့မှုကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ကမ္ဘောဇခန်းမတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦး၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ၊ လားရှိုးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ခွဲ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးက ၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီး ဆောင်ရွက်ရမည့်အခြေအနေ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်ရမည့်တာဝန်နှင့် လုပ်ပိုင်ခွင့်အခြေအနေ၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားပြီးစီးမှုအခြေအနေ၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ)တို့ ဆောင်ရွက်ထားမှုအခြေအနေ၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို လက်ခံခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ နေရာချထားခြင်းနှင့် ကိုင်တွယ်အသုံးပြုရမည့် အခြေအနေများ၊ ကြိုတင်မဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးမြင့်ဦးသည် သင်တန်းပို့ချနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းနှင့် အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅၈ ဦး တက်ရောက်ပြီး နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၂၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ် မှုများအရ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၂၈၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# မြဝတီဒေသတွင် ဖြစ်ပေါ်နေသော Online လောင်းကစားမှုများကို နှိမ်နင်းနေသည့်အခြေအနေများနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် မြဝတီဒေသဆိုတာ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်တွင်ရှိပြီး အိန္ဒိယ- မြန်မာ-ထိုင်း သုံးနိုင်ငံ အာရှလမ်းမကြီး၏ အချက်အချာကျတဲ့ နယ်မြေဖြစ်ပါတယ်။ ဒီနယ်မြေမှာ ကရင်လက်နက်ကိုင်အဖွဲ့အစည်းအများစု အခြေချလှုပ်ရှားနေပါတယ်။ ၂၀၁၅ ခုနှစ်မှာ NCA သဘောတူစာချုပ်ကို ကရင်လက်နက်ကိုင်အဖွဲ့တွေဖြစ်တဲ့ DKBA၊ KNU/KNLA-PC၊ KNU တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး နယ်မြေတည်ငြိမ်မှုရှိလာတာနဲ့အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုငြိမ်းချမ်းရေးတည်ဆောက်နေတဲ့ကာလ ၂၀၁၆ ခုနှစ်မှာ အခွင့်ကောင်းယူတစ်ဖက်လှည့်အကြောင်းပြပြီး KNU တပ်မဟာ ၇ နယ်မြေထဲက ရွှေကုက္ကိုလ်စီမံကိန်းကို စတင်ခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်း ကျောက်ခတ်ကျေးရွာမှာ Chongkhaed Garden Resort လောင်းကစားရုံ စီမံကိန်းနဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှာတော့ တပ်မဟာ ၆ နယ်မြေ မယ်ထော်သလေးဒေသမှာ KK Park စီမံကိန်းတို့ကို စတင်လုပ်ဆောင်ခဲ့ကြကြောင်း တွေ့ရှိရပါတယ်။

KNU ခေါင်းဆောင်ပိုင်းတွေအနေနဲ့ လုပ်ပိုင်ခွင့်ကို တရားဥပဒေမဲ့ အသုံးချကာ နိုင်ငံပိုင်မြေတွေကို နှစ်ရှည်စာချုပ်ချုပ်ပြီး ပြည်ပနိုင်ငံသားတွေကို ငှားရမ်းတာ၊ တရားမဝင် လောင်းကစားလုပ်ငန်းအပါအဝင် ဒုစရိုက်လုပ်ငန်းတွေကို အခကြေးငွေယူပြီး အကာအကွယ်ပေးတာတွေ



ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားစွာတွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

မြဝတီဒေသမှာ အခုလိုမျိုး တရားမဝင်အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေတာကို နိုင်ငံတော်အစိုးရအနေနဲ့ လက်ခံခွင့်ပြုပေးခဲ့တာမဟုတ်ပါဘူး။ ဒီလုပ်ငန်းတွေရဲ့ အစက ၂၀၁၇ ခုနှစ် က စတင်ခဲ့တဲ့ ရွှေကုက္ကိုလ်စီမံကိန်းဖြစ်ပါတယ်။ ရွှေကုက္ကိုလ်စီမံကိန်းဆိုတာ မြန်မာ-ရထိုက် ရွှေကုက္ကိုလ် အထူးစီးပွားရေးဇုန်စီမံကိန်းအဖြစ် Yatai International Holding Group နဲ့ ချစ်လင်းမြိုင်ကုမ္ပဏီတို့က ပူးပေါင်းလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေစတင်ဖို့ကို ၂၀၁၆ ခုနှစ်လောက်ကတည်းက ပြင်ဆင်ခဲ့တာဖြစ်ပြီး အဲ့ဒီတုန်းက NLD အစိုးရရဲ့ ကရင်ပြည်နယ်ဝန်ကြီးချုပ်နဲ့ ဆွေးနွေးတိုင်ပင်မှုတွေ လုပ်ဆောင်ခဲ့ကြောင်းသိရှိရပါတယ်။ နောက်ပိုင်း ၂၀၁၇ ခုနှစ် ဧပြီလထဲမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခွင့်ပြုချက်ယူခဲ့ကြောင်း သိရှိရပြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကတော့ စီမံကိန်းတင်ပြရာမှာ လောင်းကစားရုံတွေတည်ဆောက်မယ့် အစီအစဉ်မပါဝင်ဘူးလို့ဆိုခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒီစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ၂၅ ဒသမ ၅ ဧကသာ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းမှာ ခွင့်ပြုပေးထားတဲ့ အဆောက်အအုံတွေထက် ပိုမိုဆောက်လုပ်နေကြောင်း ပြည်သူတွေက တိုင်ကြားတဲ့အတွက် ဒါနဲ့ ပတ်သက်ပြီးလည်း အဲ့ဒီအချိန်က တာဝန်ရှိတဲ့ NLD အစိုးရအနေနဲ့ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့တာကြောင့် စီမံကိန်းလုပ်ငန်းတွေ ယာယီရပ်ဆိုင်းခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

ဒီစီမံကိန်းကိစ္စကို အဲ့ဒီတုန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးရဲ့ ၁၇ ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က မေးခွန်းမေးမြန်းတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနဲ့နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ပြန်လည်ဖြေကြားတဲ့အခါ မြေ ၂၅ ဒသမ ၅ ဧကပေါ်မှာ အဆင့်မြင့်လူနေအိမ်တွေဆောက်လုပ်ဖို့အတွက် ဥပဒေနဲ့အညီ စိစစ်ခွင့်ပြုခဲ့တာဖြစ်ကြောင်း၊ ဥပဒေအရလိုက်နာရမယ့် စည်းကမ်းချက်တွေကို လိုက်နာဖို့ပျက်ကွက်ရင်၊ ချိုးဖောက်သွေဖည်ခဲ့ရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့တာ တွေ့ရှိရပါတယ်။ နောက်ပိုင်းမှာ လောင်းကစားလုပ်ငန်းတွေနဲ့ ပတ်သက်နေတဲ့သူတွေက ရပ်ဆိုင်းနေတဲ့လုပ်ငန်းတွေ ဆက်လုပ်လို့ရအောင် တရုတ်နိုင်ငံက အကောင်အထည်ဖော်နေတဲ့ BRI စီမံကိန်းမှာ ပါဝင်သယောင် ဝါဒဖြန့်ခဲ့တာတွေ့ရှိရတဲ့အတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက BRI စီမံကိန်းမှာမပါဝင်ကြောင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို သံအမတ်ကြီး မစ္စတာ ချန်ဟိုင် လာရောက်တွေ့ဆုံစဉ်မှာ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ဒီရွှေကုက္ကိုလ်စီမံကိန်းတစ်ခုတည်းသာ နိုင်ငံတော်ကို တစ်စိတ်တစ်ပိုင်းတင်ပြပြီး ဆောင်ရွက်ခဲ့တာဖြစ်ပေမယ့် ကျန်တဲ့ကျောက်ခတ်နဲ့ KK Park စတဲ့ စီမံကိန်းတွေကတော့ လုံးဝတင်ပြခဲ့တာ မရှိဘူးဆိုတာလည်း တွေ့ရှိရပါတယ်။

နောက်လောင်းကစားလုပ်ငန်းစီမံကိန်းတစ်ခုဖြစ်တဲ့ မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာမှာလုပ်နေတဲ့ Chongkhaed Garden Resort လောင်းကစားရုံစီမံကိန်းကို KKO အဖွဲ့က ဗိုလ်မှူးချုပ်အဆင့်ရှိတဲ့ စိုင်းကျော်လှက ၂၀၁၇ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာတော့ ထိုင်းနိုင်ငံအခြေစိုက် ထိုက်ချန်ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို















ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၉၉ /၂၀၁၈ ၂၀၁၈ ခုနှစ် ဇူလိုင် လ ၃၀ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ) အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ...... MR. TANG KRIANG KAI
(၂) နိုင်ငံသား ...... CAMBODIAN
(၃) မှတ်ပုံတင်လိပ်စာ ...... KOUK CHANBAK, CHAUM CHAU, PURSENCHEY, PHNOM PENH, CAMBODIA
(၄) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ ......
(၅) ဖွဲ့စည်းရာအရပ် ......
(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ...... CONSTRUCTION, OPERATION AND LEASING OF HIGH-END VILLAS
(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ...... ရွှေကုက္ကိုလ်မြိုင်အပြင်ကွင်း၊ ဦးပိုင်အမှတ်(၂)၊ ပုလွှပုကျေးရွာအုပ်စု၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်ရှိမြေ ၆၂ ကေအနက် ၂၅.၅ ဧက
(၈) နိုင်ငံခြားမတည်ငွေရင်း ပမာဏ ...... အမေရိကန်ဒေါ်လာ ၁၈.၀၀ သန်း
(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ...... ခွင့်ပြုမိန့်ရရှိသည့်နေ့မှ (၃)နှစ်အတွင်း
(၁၁) တည်ဆောက်မှု/ပြင်ဆင်မှုကာလ ...... ၃၆ လ
(၁၂) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ...... ၃၀ နှစ်
(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ ...... ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည် ...... MYANMAR YATAI INTERNATIONAL HOLDING GROUP COMPANY LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီနယ်မြေမှာ အခြေချလာတဲ့ ပြည်ပနိုင်ငံသားတွေအများစုဟာ ကမ္ဘောဒီးယားနိုင်ငံက ကာစီနိုလောင်းကစားမြို့ဖြစ်တဲ့ သီဟာနုဗေးလ်ကနေ ပြောင်းရွှေ့လာကြတာ ဖြစ်ပါတယ်။ ဒီ သီဟာနုဗေးလ်မှာ လောင်းကစားလုပ်ငန်းတွေထွန်းကားလာတဲ့အခါ ဒုစရိုက်မှုတွေ ထူပြောလာသလို ဒေသခံတွေအတွက် ဘာသာစကားမကျွမ်းကျင်မှုကြောင့် စီးပွားရေးလုပ်ရာမှာ အခက်အခဲတွေဖြစ်ခဲ့ရတဲ့အပြင် တစ်မြို့လုံးကို နိုင်ငံခြားသားတွေလွှမ်းမိုးလာခဲ့ပါတယ်။ ဒါ့ပြင် ကာစီနိုလုပ်ငန်းတွေနဲ့အတူ လူမိုက်မာဖီးယားတွေရဲ့ ဥပဒေမဲ့ အနိုင်ကျင့်နှိပ်စက်မှုကိုလဲခံခဲ့ကြရကြောင်း တွေ့ရှိကြရပါတယ်။ ဒါ့ကြောင့် မြဝတီဒေသကိုလည်း သီဟာနုဗေးလ်လိုဖြစ်မှာ ဒေသခံကရင်တိုင်းရင်းသားတွေက စိုးရိမ်ခဲ့ကြပြီး ဒီစီမံကိန်းတွေနဲ့ လောင်းကစားလုပ်ငန်းတွေကို လက်မခံဘဲ ကန့်ကွက်ခဲ့ကြပါတယ်။ ရွှေကုက္ကိုလ်၊ ကျောက်ခတ်နဲ့ KK Park မှာ ရှိနေတဲ့ ရာဇဝတ်ဂိုဏ်းတွေ၊ ငွေလိမ်ဂိုဏ်းတွေနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ KNU ခေါင်းဆောင်တွေကို ဖော်ထုတ်အရေးယူပေးဖို့ကိုလည်း ၂၀၂၃ ခုနှစ် ဧပြီလအတွင်းမှာ ကျင်းပတဲ့ KNU ကွန်ဂရက်မှာ တောင်းဆိုခဲ့တာ တွေ့ရှိရပါတယ်။ KNU က စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုဖွဲ့စည်းပြီး စုံစမ်းမှုတွေ ဟန်ပြလုပ်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ စစ်ဆေးတွေ့ရှိချက်တွေကို ပွင့်လင်းမြင်သာစွာနဲ့ ဒေသခံပြည်သူလူထုကို ဘာမှမချပြတဲ့အပြင် အရေးယူဆောင်ရွက်မှုတွေကိုလည်း ဘာတစ်ခုမှလုပ်တာ မတွေ့ရှိရပါဘူး။ ဒါကိုကြည့်ရင် ဒီမြဝတီဒေသမှာဖြစ်နေတဲ့ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းတွေမှာ KNU ခေါင်းဆောင်ပိုင်းက အတွင်းကျကျ တိုးချဲ့လုပ်ကိုင်ခဲ့တာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

KK Park စီမံကိန်းကိုတော့ KNU အဖွဲ့ရဲ့ မုလအိအလင်း ( Mu La Ei Ahlin) ကုမ္ပဏီနဲ့ ဟွာ့ညအပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းစု (Huanya International Holding Group) လက်အောက်ခံ ထိုင်းနိုင်ငံအခြေစိုက် Trans Asia International Holding Group တို့က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းမှာ သဘောတူစာချုပ်ချုပ်ပြီး စတင်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒီစာချုပ်မှာ မုလအိအလင်းဘက်က အသိသက်သေများအနေနဲ့ လက်ရှိ KNU ဥက္ကဋ္ဌအဖြစ် တာဝန်ယူနေတဲ့ စောကွယ်ထူးဝင်းနဲ့ KNU ကာကွယ်ရေးဌာနရဲ့ အကြီးအကဲဖြစ်တဲ့ စောရော်ဂျာခင်တို့ကိုယ်တိုင် လက်မှတ်ရေးထိုးထားကြောင်းကိုလည်း ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီ မုလအိအလင်းကုမ္ပဏီဆိုတာ KNLA စစ်ဦးစီးချုပ်အဆင့်ရှိ စောဂျော်နီရဲ့ သားအကြီးဆုံးဖြစ်တဲ့ စောဒို့စိုးဂျော်နီက ပိုင်ဆိုင်တာဖြစ်ပြီး မြေပြင်မှာတော့ သူ့လူယုံတွေဖြစ်တဲ့ စောဝင်းကျော်နဲ့ စောကျော်သူတို့က လုပ်ကိုင်နေတာဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း နိုင်ငံရေးဖြစ်စဉ်တွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးအခြေအနေတွေအပေါ် အခွင့်ကောင်းယူပြီး ဒီဒေသတွေမှာ တရားမဝင်အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်နေကြောင်း သိရှိခဲ့ရပါတယ်။ ဒီအဆောက်အအုံတွေဆောက်လုပ်ဖို့အတွက် ပစ္စည်းကိရိယာတွေ၊ အခြေခံလိုအပ်ချက်တွေကို ထိုင်းနိုင်ငံဘက်က တစ်ဆင့် တင်သွင်းခဲ့တာဖြစ်သလို နိုင်ငံခြားသားပိုင်ကုမ္ပဏီများက ကြီးကြပ်လုပ်ကိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီပုံတွေကတော့ ဂြိုဟ်တုဓာတ်ပုံတွေအရ ၂၀၂၁ ခုနှစ်ကနေ

**စာမျက်နှာ ၂၂ သို့**

# တောင်ကြီးမြို့ စစ်စံထွန်းရပ်ကွက်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စစ်စံထွန်းရပ်ကွက်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကျန်းမာရေး တိုးတက်ကောင်းမွန်မှုနှင့် ဆေးဝါးကုသမှု အခြေအနေများကို မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(ဗဟ)



ဆေးကုသမှုခံယူလျက်ရှိသော သံဃာတော်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

စာမျက်နှာ ၂၂ မှအဆက်

အဲ့ဒီဒေသက အချို့အခိုင်အမာ အဆောက်အအုံတွေကိုဆိုရင် Online လောင်းကစားမှု ပြန်လည်မလုပ် ဆောင်နိုင်အောင် မြေလှန်ဖျက်ဆီးမှု၊ မိုင်းခွဲဖျက်ဆီးမှုတွေလုပ်ပြီး ရေသောက်မြစ် အမြစ်ဖြတ်ဖျက်ဆီးလျက်ရှိပါတယ်။

ဖမ်းဆီးထိန်းသိမ်းရမိတဲ့ နိုင်ငံခြားသားတွေရဲ့ ထွက်ဆိုချက်တွေကို ကြည့်ရင် သူတို့ဟာ ထိုင်းနိုင်ငံဘက်ကနေ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတာဖြစ်ပြီး ဒါကိုလည်း ကျွန်တော်တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အလားတူထွက်ဆိုချက်တွေလည်း ကျွန်တော်တို့ဆီမှာ အများကြီး ရရှိထားပါတယ်။ ဒီနိုင်ငံခြားသားတွေကို သူတို့နိုင်ငံရဲ့ အစိုးရတွေလာမခေါ်မချင်း သူတို့ကိုထိန်းသိမ်းထားရတဲ့တာဝန် အင်မတန်ကြီးပါတယ်။ တစ်နေ့တာလိုအပ်တဲ့ အစားအစာအပြင် သောက်ရေ၊ သုံးရေ ကအစ ဝတ်စရာနဲ့ အိပ်ရာအဆုံးအားလုံးကို နိုင်ငံတော်က ဖြည့်ဆည်းပေးထားရတာဖြစ်ပါတယ်။ စားစရိတ်အတွက်မှာတင် တစ်နေ့ သုံးနပ်စာအတွက် တစ်ဦးကို တစ်သောင်းခွဲကျပ်နှုန်း အနည်းဆုံး ကုန်ကျပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်ထိ ငွေကျပ်သိန်း တစ်သောင်းသုံးထောင်ကျော် (၁၃၃၆၀၅၀၀၀၀ ကျပ်) သုံးစွဲကုန်ကျခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ သိက္ခာမကျအောင် အခုလိုဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံသားကို အမြန်ဆုံးလာရောက်ခေါ်ဆောင်ပေးကြဖို့ကိုလည်း ပြောကြားလိုပါတယ်။ ပြည်ဖျက်မီဒီယာတွေကတော့ ဒါကိုအခွင့်ကောင်းယူပြီး အဖျက်အမှောင့်တွေ လုပ်ဆောင်နေသလို အစိုးရအပေါ် မီဒီယာအားနဲ့ ထိုးနှက်တိုက်ခိုက်မှုတွေ လုပ်နေကြတဲ့အတွက် သတိရှိကြဖို့လိုပါတယ်။ အမေရိကန်နိုင်ငံက သူတို့နိုင်ငံသားတွေကို Online လိမ်လည်မှုကနေ ကာကွယ်ဖို့အတွက် Scam Center Strike Force (SCSF) ဖွဲ့ပြီးဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့သလို အောက်လွှတ်တော်မှာလည်း မြန်မာ့အရေးဆွေးနွေးမှုတွေ ပြုလုပ်ပြီး Online လိမ်လည်လောင်းကစားမှု နှိမ်နင်းရေးကိစ္စတွေကို ဝင်ရောက်စွက်ဖက်ဖို့ ပြောဆိုလာတာတွေ တွေ့ရှိရပါတယ်။ ဒါဟာ ပွဲလန့်တုန်းဖျာခင်းတဲ့ကိစ္စလို့ ကျွန်တော်တို့မြင်ပါတယ်။

ဒီကြားထဲမှာ အကြမ်းဖက် KNU အဖွဲ့အနေနဲ့ နိုဝင်ဘာ ၂၅ ရက်က ဖလူး(မင်းလက်ပံ) ဒေသမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ထုတ်ပြန်ချက်၊ တောင်းဆိုချက်တစ်ခု လုပ်ကြံထုတ်ပြန်လာတာကို တွေ့ရပါတယ်။ ထုတ်ပြန်ချက်မှာ DKBA အမည်နဲ့ စွပ်စွဲထားတာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီနေရာမှာ KKO၊ DKBA ဆိုတဲ့ အသုံးအနှုန်းကိုပဲ သုံးစွဲသွားပါမယ်။ ၂၀၁၂ ခုနှစ် ဧပြီလမှာ DKBA ဟာ ကလိုထူးဘောကရင် အစည်းအရုံး (KKO) ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီတုန်းက ဥက္ကဋ္ဌက မန်းရောဘတ်ဇန်ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌက စောမိုရှေး ဖြစ်ပါတယ်။ သူတို့စတင်ဖွဲ့စည်းစဉ်က ထုတ်ပြန်ချက်ထဲမှာ KKO အဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး(KNU)အား မိခင်အဖွဲ့အစည်းအဖြစ် ခံယူတယ်လို့ ပါဝင်ပါတယ်။ အကြမ်းဖက် KNU အဖွဲ့ရဲ့ ထုတ်ပြန်ချက်ကို လေ့လာကြည့်ရင် သူတို့ဟာ ဖလူး(မင်းလက်ပံ)ဒေသနဲ့ ပါဝင်ပတ်သက်နေသူတွေကို အတွင်းကျကျသိနေတာကို တွေ့နိုင်ပါတယ်။ အဲဒီကိစ္စမှာ KNU ကိုယ်တိုင် ထဲထဲဝင်ဝင်ပတ်သက်နေတာဖြစ်ပါတယ်။ အကြမ်းဖက် KNU ရဲ့ ထုတ်ပြန်ချက်နဲ့ လက်တွေ့မြေပြင်မှာ ဖြစ်ပျက်နေတာကလည်း ကွာခြားနေတာ တွေ့ရပါတယ်။ ဂြိုဟ်တုဓာတ်ပုံမှတ်တမ်းများအရ ယခုအခင်းဖြစ်ပွားခဲ့ရာနေရာ ဖလူး၊ မင်းလက်ပံဒေသဟာ KNU တို့ရဲ့ KK Park ရဲ့တောင်ဘက် အနီးအနားမှာပဲရှိတဲ့နေရာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်မတိုင်မီက ဘာမှမရှိခဲ့ပါဘူး။ ၂၀၂၄ ခုနှစ်မှာ အဆောက်အအုံတွေ စတင်ဆောက်လုပ်လာပါတယ်။ ဒီအချိန်မှာ ကျွန်တော်ပြောခဲ့သလို အဲ့ဒီဒေသမှာ KNU နဲ့ အပေါင်းပါ အကြမ်းဖက်အဖွဲ့တွေရဲ့ ကရင်ပြည်နယ်နယ်စပ်ဒေသတွေမှာ သောင်းကျန်းတိုက်ပွဲဖော်ဆောင်တဲ့ အချိန်ဖြစ်လို့ အစိုးရရဲ့ လုံခြုံရေးအဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ မရှိချိန်ဖြစ်ပါတယ်။ KNU ရဲ့ ထုတ်ပြန်ချက် စာမျက်နှာ(၁) အပိုဒ် ၂ မှာ “ KNU တပ်ဖွဲ့များက ၎င်း DKBA တပ်ဖွဲ့များ တပ်စွဲထား၍ တိုက်ခိုက်သည့်နေရာအားရှင်းလင်းရာ DKBA တပ်ဖွဲ့ဝင်အနည်းဆုံး ဦးရေ ၂၃၀ လက်နက်ချပြီး ၎င်းအခြေချစခန်းကို KNU မှ ထိန်းသိမ်းနိုင်ခဲ့သည်” ဟု ရေးသားထားပါတယ်။ တကယ့်ဖြစ်စဉ်မှာတော့ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီလောက်မှာ မင်းလက်ပံရွာကို KNU နဲ့ PDF အကြမ်းဖက်အဖွဲ့အချို့ ကား သုံးစီးနဲ့ရောက်လာပါတယ်။ ခင်ဗျားတို့ ကျွန်တော်တို့ စဉ်းစားကြည့်နော်။ မင်းလက်ပံရွာမှာရှိတဲ့ DKBA၊ KKO ပေါ့ဗျာ သူတို့အချင်းချင်းဟာ တကယ့်ရန်ဘက်တွေ၊ ရန်သူတွေဆိုရင် ဒီလိုကားနဲ့ ပေါ်ပေါ်တင်တင်လာမလား။ ပြီးတော့ အဲဒီနေရာက KKO လုံခြုံရေးယူထားတဲ့ဂိတ်ကို ရောက်လာပြီး KKO အဖွဲ့က ဗိုလ်မှူးအဆင့်ရှိ စောဖားထီးကိုခေါ်ပြီး KKO အဖွဲ့ကို လက်နက်တွေ သူတို့ဆီအပ်ဖို့ ပြောခဲ့တယ်လို့ သိရပါတယ်။ စောဖားထီးက သူတို့ကို ဒီနေရာမှာတာဝန်ခံက သူမဟုတ်ကြောင်း၊ စောကျော်ကိုမင်း ခေါ် သခွားသီးဖြစ်ကြောင်းနဲ့ သူတို့ကိုမဖမ်းဖို့ပြောခဲ့ပါတယ်။ KNU၊ PDF အဖွဲ့အနေနဲ့ သူတို့ကို KNU ဗဟိုက ဖမ်းခိုင်းတာဖြစ်ကြောင်းနဲ့ KKO ဆီက လက်နက်အလက် ၁၇၀ နဲ့ အဖွဲ့ဝင်အချို့ကို ဖမ်းဆီးသွားခဲ့ပါတယ်။ အဲ့ဒီကိစ္စတွေဖြစ်နေချိန်မှာပဲ KNU၊ PDF အကြမ်းဖက်အဖွဲ့က KKO ခေါင်းဆောင်တွေဆီ ဆက်သွယ်ပြီး စောကျော်ကိုမင်း ခေါ် သခွားသီးကို မင်းလက်ပံမှာ မတွေ့တဲ့အတွက် ဖမ်းဆီးအပ်နှံပေးဖို့ တောင်းဆိုခဲ့တယ်ဆိုတာ သိရပါတယ်။ KNU၊ PDF အဖွဲ့က ဖမ်းသွားတဲ့ KKO တွေ ပြန်လွတ်မြောက်ရေးအတွက် KKO ခေါင်းဆောင်တွေ KUN နဲ့ ဆက်သွယ်ညှိနှိုင်းနေတယ်ဆိုတာလည်း သိရပါတယ်။ မရှေးမနှောင်းမှာပဲ နိုဝင်ဘာ ၂၄ ရက်မှာ DKBA၊ KKO အနေနဲ့ KNU က တောင်းထားတဲ့ စောကျော်ကိုမင်း ခေါ် သခွားသီးကို ဖမ်းဝရမ်းထုတ်ခဲ့ပါတယ်။ အဲ့ဒီနေ့မှာပဲ သူတို့နယ်မြေအတွင်း နိုင်ငံခြားသားများ သယ်ဆောင်ခြင်းကို စစ်ဆေးတွေ့ရှိရင် ဖမ်းဆီးအရေးယူမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ဒါတွေကိုကြည့်ရင် မင်းလက်ပံကိစ္စဟာ KNU သိတယ်။ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတယ်ဆိုတာ ထင်ရှားပါတယ်။

KNU အကြမ်းဖက်အဖွဲ့တွေရဲ့ ထုတ်ပြန်ချက် စာမျက်နှာ (၂) အပိုဒ် ၂ မှာ “စစ်တပ်နှင့်၎င်းတို့ကို ကူညီတိုက်ခိုက်ပေးနေသော တပ်ဖွဲ့များမှ ဆက်လက်ထိုးစစ်ဆင်နေပြီး တိုက်ပွဲများဖြစ်နေလို့ KNU အနေနဲ့ ၎င်းပတ်ဝန်းကျင်လုံခြုံရေးအတွက် ဆက်လက်တာဝန်ယူထားတယ်” လို့ ပါဝင်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ KK Park နဲ့ ရွှေကုက္ကိုလ်မှာ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေရပါတယ်။ အဲဒီနေရာတွေကို KNU အကြမ်းဖက်တွေက လာပစ်လို့ တိုက်ပွဲငယ်များဖြစ်နေပါတယ်။ KNU အနေနဲ့ ဒီလိုလိမ်လည်ထုတ်ပြန်တာ အကြောင်းနှစ်ချက်ရှိပါတယ်။ နံပါတ်(၁) က မင်းလက်ပံမှာ သူတို့ ထိန်းသိမ်းထားတဲ့သူတွေထဲက သူတို့အကြောင်း ထဲထဲဝင်ဝင် သိတဲ့လူတွေကို နှုတ်ပိတ်ချင်တာပါမယ်။ နှုတ်ပိတ်တာ လက်လွန်သွားရင် တိုက်ပွဲဖြစ်လို့ သေတာပါလို့ အကြောင်းပြချင်တာဖြစ်မယ်။ နံပါတ်(၂) က သူတို့နဲ့ ပတ်သက်တဲ့သဲလွန်စတွေကို ဖျောက်ဖျက်ပြီး အခြားအဖွဲ့တွေအပေါ် အပြစ်ပုံချဖို့ဖြစ်ပါမယ်။ ဒါကို ထင်ရှားစေတာကတော့ စာမျက်နှာ ၃ မှာ ပါတဲ့ နိုဝင်ဘာ ၂၅ ရက်မှာ “ မနက်စောစောတွင် Scam အလုပ်သမား ရာပေါင်းများစွာသည် အသေခံဒရုန်းတိုက်ခိုက်မှုများရှိမည်ကြား၍ ထိတ်လန့်တုန်လှုပ်စွာ ခြံဝင်းအတွင်းမှ ထွက်ပြေးရန်ကြိုးစားခဲ့ကြသည်။ အဆောက်အအုံများအတွင်း အလုပ်သမားအချင်းချင်း ရန်ပွဲများဖြစ်နေသည့် ဆူညံသံများ၊ အရိပ်အယောင်များ တွေ့ရသည်” လို့ ရေးထားပါတယ်။ တကယ့်မြေပြင်မှာ ဖြစ်ပွားခဲ့တာကတော့ နိုဝင်ဘာ ၂၅ ရက် နံနက် ၅ နာရီခွဲခန့်မှာ မင်းလက်ပံမှာ တရားမဝင်ရောက်ရှိပြီး KNU ရဲ့ ဖမ်းဆီးပိတ်လှောင်ခံထားရတဲ့ ပြည်ပနိုင်ငံသားများက သူတို့ကို ပိတ်လှောင်မထားဖို့ အဝတ်အစားတွေကို မီးရှို့ဆန္ဒပြ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ ဒါကို KNU၊ PDF အဖွဲ့က ပစ်ခတ်တယ်လို့ သိရပါတယ်။ ပြည်ပနိုင်ငံသားအချို့ ထိခိုက်ဒဏ်ရာရကြောင်းနဲ့ သေဆုံးနိုင်ဖွယ်ရှိကြောင်း သိရပါတယ်။ ကျွန်တော်တို့ရရှိထားတဲ့ မှတ်တမ်းဓာတ်ပုံများပဲ ဖြစ်ပါတယ်။ ဒါတွေဖြစ်ပြီး နောက်ပိုင်းမှာ နိုဝင်ဘာ ၂၅ ရက် ည ၇ နာရီခွဲမှာ တရုတ်နိုင်ငံသား ၆၃၅ ဦး၊ လာအိုနိုင်ငံသား ၂၃ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၆ ဦး စုစုပေါင်း ၆၇၄ ဦးဟာ သောင်ရင်းမြစ်တစ်ဖက်ကမ်း ထိုင်းနိုင်ငံ မဲဆောက်မြို့ မဲ့ကိုကင်းကျေးရွာဘက်ကို ရောက်ရှိလာတယ်လို့ သိရပါတယ်။ အဲ့ဒီနေ့ ညပိုင်းမှာပဲ မင်းလက်ပံထဲက ကျားဖြန့်လုပ်ငန်းဦးစီးလုပ်ကိုင်နေသူလို့ယူဆရတဲ့ ပြည်ပနိုင်ငံသားဦးရေ ၂၀ လောက်ကို သူတို့ရဲ့ Double Cub မော်တော်ယာဉ်များ၊ ဆီပီပါ အလုံး ၁၀၀ ခန့်နဲ့၊ ငွေထည့်ထားတဲ့ မီးခံသေတ္တာ ကား လေးစီးတိုက်စာကို KNU၊ PDF အဖွဲ့က ဖမ်းဆီးခေါ်ဆောင် သယ်ထုတ်သွားကြောင်းသိရပါတယ်။ ကျန်သတင်းတွေ ရှိနေနိုင်ပါသေးတယ်။ ဒီလောက်ဆိုရင် အကြမ်းဖက် KNU ဘာလဲ ဆိုတာ အားလုံးက သိနိုင်ပြီလို့ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီOnline လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေကို စတင်ခြေရာခံမိတဲ့ အချိန်ကစလို့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေနဲ့ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုတွေကို တက်တက်ကြွကြွ ဆောင်ရွက်နေသလို ဒေသတွင်းနိုင်ငံတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်နေတာလည်းဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း နေရာအနှံ့အပြားမှာ စစ်ဆင်ရေး တစ်ရပ်သဖွယ် နှိမ်နင်းလျက်ရှိပါတယ်။ ရရှိထားတဲ့ သတင်းအရ ဒီလ ၂၄၊ ၂၅ ၊၂၆ ရက်တို့မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီးကို ရှင်းလင်းခဲ့ရာမှာ မိုင်းနောင်မြို့ အရှေ့တောင်ဘက် နောင်တောက်ရွာ၊ ကောင်းဟိုင်းရွာ၊ ဝမ်ကျောင်းရွာ အနီးမှာ Online လိမ်လည်လောင်းကစားမှုကျူးလွန်တဲ့ ပြည်ပနိုင်ငံသား ၂၈ ဦး၊ မြန်မာနိုင်ငံသား ရှစ်ဦးတို့ကို အဆောက်အအုံများ၊ မော်တော်ယာဉ်များ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်ငယ် ငါးလက်တို့နဲ့ အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီ Online လိမ်လည် လောင်းကစားမှုလုပ်ငန်းတွေနဲ့ ဒုစရိုက်လုပ်ငန်းတွေကို ဘယ်သောအခါမှ ခွင့်ပြုခဲ့ခြင်းမရှိသလို မြန်မာနိုင်ငံရဲ့ပိုင်နက်နယ်မြေကို အသုံးချပြီး မိတ်ဆွေနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအပေါ် ရာဇဝတ်မှုကျူးလွန်နေတာကိုလည်း လုံးဝ(လုံးဝ) လက်ခံမှာမဟုတ်ဘူးဆိုတာ အလေးအနက်ထားပြောကြားထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေတဲ့ ဒီ Online လိမ်လည်လောင်းကစားမှုလုပ်ငန်းတွေ မြန်မာ့ရေ၊ မြေကနေ အမြန်ဆုံး အမြစ်ပြတ်စေရေး တိုက်ဖျက်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားအပ်ပါတယ်။

☆ **ဖမ်းဆီးရမိမှု**

ကျေးသီးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၄ ရက်တွင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏ အနောက်မြောက်ဘက် နေရာတစ်ဝိုက်သို့ ရောက်ရှိစဉ် မသင်္ကာဖွယ်ရာ အဆောက်အအုံများကို တွေ့ရှိရသဖြင့် ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်နေသည့် နေရာဖြစ်ကြောင်း တွေ့ရှိရပြီး လုပ်ငန်းလုပ်ကိုင်နေကြသူများကို မတွေ့ရှိရဘဲ အလျားပေ၄၀၊ အနံပေ ၂၀ ရှိယာယီလူနေမိုးကာတဲ ငါးလုံး၊ အလျားပေ ၂၀၊ အနံ ၁၀ ပေရှိ ယာယီလူနေမိုးကာတဲ ခြောက်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ယာယီလူနေမိုးကာတဲ ခုနစ်လုံး၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေရှိ ရေကန် သုံးလုံး၊ အဆောက်အအုံများနှင့် လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများဖြစ်သော အလျားပေ ၇၀၊ အနံပေ ၃၀ ရှိ ယာယီလူနေမိုးကာတဲ သုံးလုံး၊ အလျားပေ ၄၀၊ အနံပေ ၄၀ ရှိ ယာယီလူနေမိုးကာတဲ နှစ်လုံး၊ အလျား ၂၅ ပေ၊ အနံ ၁၅ ပေရှိ ယာယီလူနေမိုးကာတဲ တစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၅ ပေရှိ ယာယီလူနေမိုးကာတဲ ၂၈ လုံး၊ မီးစက် သုံးလုံး၊ ရေခဲသေတ္တာအသေး တစ်လုံး၊ FREEZER တစ်လုံး၊ AIR COOLER ငါးလုံး နှင့် လန်ခရူဇာမော်တော်ယာဉ် တစ်စီးတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၆ ရက်တွင် မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် ဝမ်ကျောင်းကျေးရွာအနီး၌ အွန်လိုင်း လိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း ဆောင်ရွက်ရန် ဆောက်လုပ်လျက်ရှိသည့် အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ(လူမနေ) တစ်လုံး၊ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိသွပ်မိုး အလုပ်ရုံ တစ်လုံး၊ အလျားပေ ၁၅၀၊ အနံ ခြောက်ပေ၊ အမြင့် ရှစ်ပေရှိ သွပ်မိုး အထပ်သားကာ တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ရှစ်ပေရှိ သွပ်မိုး အထပ်သားကာ တစ်လုံး၊ အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးတဲ (လူမနေ) တစ်လုံး၊ အလျားပေ ၈၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ သွပ်မိုးအထပ်သားကာတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးအကာမရှိပြိုကျတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးတဲ တစ်လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၅ ပေရှိ မိုးကာမိုးပြိုကျတဲ တစ်လုံး၊ အလျားပေ ၂၀၊ အနံပေ ၁၂၀၊ အမြင့် ၁၅ ပေရှိ မိုးကာမိုး အထပ်သားဂိုဒေါင် တစ်လုံး၊ အလျားပေ ၂၀ ပတ်လည်သွပ်မိုး အထပ်သားကာ လူနေအိမ် တစ်လုံး၊ ဝက်ခြံ ငါးခြံ၊ ကင်းတဲ ရှစ်လုံး၊ စားဖိုဆောင် နှစ်လုံး၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၁၅၀၊ မှန်တင်ခုံကြီး တစ်လုံး၊ သစ်သားခုံ ငါးခုံ၊ မော်နီတာ နှစ်လုံးနှင့် STARLINK တစ်လုံး တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ သည် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် နိုဝင်ဘာ ၂၅ ရက်တွင် မိုင်းနောင်မြို့၏ အရှေ့တောင် ဘက် ကောင်းဟိုင်းကျေးရွာအနီး၌ အွန်လိုင်း လိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ယာယီ အလျားပေ ၁၅၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ အမိုးမရှိတဲ နှစ်လုံး၊ ဂါလန် ၈၀၀ ဆံ့ တိုင်ကီအပြာ လေးလုံးတို့ကိုလည်းကောင်း၊ မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာ၏ တောင်ဘက် နေရာတစ်ဝိုက်ကို ထပ်မံ၍ရှင်းလင်းရာ အွန်လိုင်း လိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူများဖြစ်သည့် တရုတ်နိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ရှစ်ဦး တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ဖော်ထုတ်ချက်များအရ အဆိုပါကျေးရွာ အနီး၌ သိုဝှက်သိမ်းဆည်းထားသည့် MA-1 သေနတ် တစ်လက်၊ MA-13 သေနတ် တစ်လက်၊ AK-12 သေနတ် တစ်လက်၊ ကာဘိုင် သေနတ် တစ်လက်၊ WICHESTER 12 V သေနတ် တစ်လက်၊ ၉ မမကျည် ၁၀ တောင့်၊ 12 V ကျည် နှစ်တောင့်၊ ၉ မမ ကျည်အိမ် တစ်ခု၊ AK ကျည်အိမ်တစ်ခုနှင့် ကာဘိုင်ကျည်အိမ် တစ်ခုတို့ကို သိမ်းဆည်း ရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများ၊ ယာယီလူနေအဆောက်အအုံများ၊ နေရာထိုင်ခင်းများကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဖမ်းဆီး ရမိသူများနှင့် ပါဝင်ပတ်သက်သူများကို စနစ်တကျစိစစ်ဖော်ထုတ်ကာ တရားဥပဒေ နှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက် နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် လက်နက် ခဲယမ်းများကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဖမ်းဆီးရမိခဲ့သည့် တရုတ်နိုင်ငံသား ၂၆ ဦး၏ မှတ်တမ်းဓာတ်ပုံ။



နိုဝင်ဘာ ၂၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်တောက်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာကို ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ်မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





နိုဝင်ဘာ ၂၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏အရှေ့တောင်ဘက် ကောင်းဟိုင်းကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ခဲ့သည့်နေရာကို ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ်ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ

# KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများကို စတင်ချိပ်ပိတ်သိမ်းဆည်း




နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြဝတီ-မယ်ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်းသုံးပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင်အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့ထိ ၁၀၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၅၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများ၊ ဟိုတယ်များနှင့် ကေတီဗီများဖြစ်သော တစ်ထပ် အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၁ လုံး၊ သုံးထပ်အဆောက်အအုံ ၄၂ လုံး၊ ခုနစ်ထပ် အဆောက်အအုံ တစ်လုံး၊ ကိုးထပ်အဆောက်အအုံ နှစ်လုံးနှင့် ၁၇ ထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၅၉ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ ဖုန်းမျိုးစုံ အလုံး ၁၂၀၊ ကွန်ပျူတာမျိုးစုံ ၂၁၂ လုံးနှင့် အသုံးအဆောင်ပစ္စည်းများကို စိစစ်တွေ့ရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့ထိ တရားမဝင်အဆောက်အအုံ ၁၀၉ လုံးကို တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ယနေ့တွင် စတင်ဆောင်ရွက်ကြရာ အဆောက်အအုံ ၂၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး၃၃၁၀၊ မိုဘိုင်းဖုန်းအလုံး၂၁၈၇၀၊ Star Link ဗန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး **စာမျက်နှာ ၂၆ သို့**



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ငါးထပ်တိုက် လူနေအဆောက်အအုံမဖြိုဖျက်မီ တွေ့ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် ငါးထပ်တိုက် လူနေအဆောက်အအုံဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေရှိ သုံးထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းစဉ် ကွန်ပျူတာနှင့်ဖုန်းများ သိမ်းဆည်းရရှိမှု မှတ်တမ်းဓာတ်ပုံ။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် သုံးထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၁၇ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# မြစ်ကြီးနားမြို့နှင့် ဒလမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ခေမာသီရိကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့်ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ခေမာသီရိကျောင်းတိုက်မှ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၆၆ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မသီလဓမ္မာရုံ၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အုံ့ကြီးကျောင်းတိုက် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဟ၀၁)

# ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူ အောင်ကြည်၊ ကျော်သူထိုက်၊ ကျော်ကျော်မြိုင်(ခ)ကျော်ကြီးနှင့် ဝေယျာစိုး(ခ)ကိုတိုးတို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်မည့် ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်ကို နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲခန့်တွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီး၌ သတင်းအရစောင့်ဆိုင်းစဉ် ပြင်ဦးလွင် မြို့ဘက်မှ မန္တလေးမြို့ဘက်သို့ ကျော်သူထိုက်မောင်းနှင်လာသော TOYOTA DYNA မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၅၅ ကီလို (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၃၇၅ ဘီလီယံ) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၈ သန်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၆၂ ဘီလီယံ) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၉၉၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ အောင်ကြည်ကို နိုဝင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မတ္တရာမြို့နယ် ကပိုင်ကျေးရွာ၌လည်းကောင်း၊ တာဝန်ခံသယ်ဆောင်သူ ကျော်ကျော်မြိုင်(ခ) ကျော်ကြီးကို နိုဝင်ဘာ ၁၄ ရက် ည ၆ နာရီခန့်တွင် အမရပူရမြို့နယ် မြစ်ငယ်တံတားအနီး၌ လည်းကောင်း၊ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ဝေယျာစိုး(ခ)ကိုတိုးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁)၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို သယ်ဆောင်ခိုင်းသူမှာ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁)နေ မောင်ငယ်(ခ)စိုင်းမောင်ငယ် (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး နောင်ချိုမြို့နယ်မှ မန္တလေးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိကြောင်းနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။(ဟ၀၁)

❑ **ဆိုင်ကလုန်းမုန်တိုင်းမှ**

ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"အဖြစ် သို့ရောက်ရှိခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၈၀၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၁၀ ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။


ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး သီရိလင်္ကာနိုင်ငံအရှေ့ပိုင်းကမ်းခြေဒေသများနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်ကာ အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ"၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

၂၇-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၇:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ (DITWAH)" လမ်းကြောင်းပြမြေပုံ




**စာမျက်နှာ ၂၅ မှအဆက်**

သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီး ရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၁၉၅ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက် ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဟ၀၁)

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် နေကြာ ၅၅၆၄ ကေစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၁၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်မြို့နယ်အတွင်း နေကြာကေ ၅၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ကေ ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ရွှေကျွန်းတောကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကြံခင်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွှေကျွန်းတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ရွှေကျွန်းတောကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရွှေကျွန်းတောကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည် ပေ ၇၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၅ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က နေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ ရောင်းချနေပါတယ်။ ဧည့်မထဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အောက်တိုဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဧည့်မထဆန် အမျိုးအစားက



အရောင်းအဝယ် ဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဒလမြို့နယ် ကြာဖြူကန်ကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းပြီးစီးမှု စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး မူလခွင့်ပြုရန်ပုံငွေဖြင့် ကြာဖြူကန်ကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံချောချောခင်နှင့် ဝန်ထမ်းများက ကြာဖြူကန်ကျေးရွာ၌ ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကြာဖြူကန်ကျေးရွာတွင် အလျား ပေ ၅၈၀၊ အနံ ပေ ၅၈၀၊ အမြင့် ငါးပေရှိ ရေကန်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းကို တိုင်းဒေသကြီး မူလ ခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ ၅၁ သန်းဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဒလမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စံချောချောခင်ထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



# ဘုတ်ပြင်းမြို့နယ် ကြိမ်မဲတောင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဘုတ်ပြင်း နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ ပကတိလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရန်အတွက် ကြိမ်မဲတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# အပြစ်မဲ့တဲ့ ချစ်တဲ့လူငယ်

ဆူးသစ်

**❖ လူငယ်တစ်ယောက်သည် ပင်ကိုမျက်နှာ၏ ဖော်ဆောင်မှုအရ နုပျို၍ အပြစ်မဲ့သကဲ့သို့ မြင်သောသူတိုင်း ခံစားရပါသည်။ ကျွန်တော်သည်လည်း လူငယ်များ ဘယ်လိုအပြစ်မျိုးလုပ်မိပါစေ သူတို့၏ နုပျိုသောမျက်နှာများကိုကြည့်ကာ မသိနားမလည်၍ လုပ်မိသောအပြစ်သာ ဖြစ်လိမ့်မည်ဟုလက်ခံပြီး အပြစ်မဲ့သည်ဟုသာ မြင်ကာ နိုင်ငံ့အနာဂတ်အတွက် အားထားရမည့်လူငယ်များကို ချစ်ခင်လေးစားပါသည်။ ထိုသို့ အပြစ်မဲ့၍ချစ်ခဲ့သော လူငယ်များကို ဘယ်လိုအကြောင်းကြောင့်မျှ အပြစ်မရှိစေချင်ပေ။ ❖**

လူငယ်ဟုဆိုလိုက်လျှင် နုပျိုသောမျက်နှာ၊ သွက်လက်သောဟန်ပန်၊ တက်ကြွသော အားမာန်တို့ဖြင့်ရှိနေသောသူတို့ကို ပြေးမြင်တတ်ကြသည်။ ငယ်ရွယ်နုပျိုသောသူများတွင် လူတစ်ယောက် ငယ်ရွယ်စဉ်မှာရှိရမည့်ဂုဏ်ဒြပ်များ ပိုင်ဆိုင်ထားခြင်းကြောင့် လူငယ်ဟုခေါ်ကြခြင်းဖြစ်ရာ နုပျိုခြင်း၊ သွက်လက်တက်ကြွခြင်း အားလုံးအရွယ်နှင့် ယှဉ်လျက်ရှိနေပါက လူငယ်ဟုဆိုတိုင်း ထိုဂုဏ်ဒြပ်ရှိသူများကို ပြေးမြင်မည်မှာ မဆန်းပေ။

အရွယ်ကြီးရင့်လာသူတစ်ဦးတွင် သွက်လက်တက်ကြွခြင်းကို ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နိုင်သော်လည်း အရွယ်အရ နုပျိုမှုမရှိတော့၍ လူငယ်ယောင်ဆောင်ထားသော လူကြီးများဖြစ်နေသည်ကို တွေ့ရှိရသည်။ ပိုဆိုးသည်က ကိစ္စရပ်တစ်ခုကို သူတင်ကိုယ်တင် လုပ်ကြစတမ်းဆိုလျှင် လူငယ်စစ်စစ်က တစ်ဇွတ်ထိုးလုပ်ပြီး စဉ်းစားလေ့ မရှိတတ်ပေ။ မဖြစ်ဖြစ်အောင်လုပ်၍ မှားလျှင်ခံပါသည်။ မှန်လျှင် စံပါသည်။ လူငယ်ယောင်ဆောင်ထားသော လူကြီးက စဉ်းစားသည်။ သုံးသပ်သည်။ လုပ်သင့်မှ လုပ်ပါသည်။ လူကြီးစစ်စစ်က ထို့ထက်ပိုပါသည်။ ထို့ကြောင့် လူငယ်ယောင် ဘယ်လောက်ဆောင်ဆောင် လူငယ်သည် လူငယ်စစ်စစ်ဖြစ်ကြောင်း သူ့ဂုဏ်ဒြပ်များကပြ၍ လူကြီးစစ်စစ်ကလည်း လူငယ်ယောင်ဆောင်၍မရသည်ကို ထိုဂုဏ်ဒြပ်များက ပြဆိုပြန်သည်။

ကျွန်တော်သည် လူငယ်ဘဝကို ဖြတ်ကူးစ၊ လူကြီးဘဝကိုဝင်ခါစ လူတစ်ဦးဖြစ်သည်။ လူငယ်ယောင်ဆောင်စ ပြုလာသော လူကြီးဖြစ်နေပြီဟုဆိုရတော့မည်။ ထိုအခါ လူငယ်စစ်စစ်ဘဝကို တပ်မက်သည်။ လူငယ်၏ နုပျိုခြင်းကို ပြန်လိုချင်သည်။ သွက်လက်တက်ကြွနိုင်သေးသော်လည်း ဇွတ်တရွတ်မလုပ်တတ်ပေ။ ချင့်ချိန်မှုက ပိုများလာသည်။ အချိန်နှင့်ရင့်ကျက်မှုက တစ်သားတည်းပါလာဖို့လိုရာ လူကြီးဖြစ်လာသည်နှင့်အမျှ လူကောင်းတစ်ဦးဖြစ်ရန် ရင့်ကျက်တည်ငြိမ်မှုကို ကျွန်တော်လိုလားသည်။ သို့မှသာလူကြီးလူကောင်း ဖြစ်လာနိုင်မည်ဟု ကျွန်တော်လက်ခံပါသည်။

အချိန်ကာလတစ်ခုကို ဖြတ်ပြီးလျှင် လူငယ်သည် လူငယ်ဖြစ်ကြောင်း၊ လူကြီးသည် လူကြီးဖြစ်ကြောင်း သက်သေပြလေ့ရှိသည်။ သို့သော် လူငယ်ဖြစ်ပါလျက် လူငယ်လည်းမဟုတ်၊ လူကြီးလည်း ဖြစ်မလာသော လူငယ်တချို့ရှိနေသည်ကို ကျွန်တော်တွေ့ဖူးပါသည်။ ယခု ထိုအကြောင်းကို ဆွေးနွေးလိုပါသည်။

ယခု ကျွန်တော်ဆွေးနွေးမည့် လူငယ်များမှာ လူငယ်အရွယ်ဖြစ်ပါလျက် လူငယ်ကဲ့သို့ တက်ကြွမနေပေ။ သူတို့၏ မျက်နှာသည် နုပျိုသင့်သလောက် မနုပျိုပေ။ ဟန်ပန်များက မသွက်လက်။ သူတို့ အရွယ်မှာရှိသင့်သော ရုပ်ရည်ထက်လည်း ပိုပြီး ရင့်ရော်နေပါသေးသည်။ သို့သော် လူကြီးတစ်ယောက်ကဲ့သို့လည်းဖြစ်မနေပေ။ သူတို့ ဘာများလုပ်ထားပါသနည်း။ ဘာကြောင့် လူငယ်စစ်စစ်ဖြစ်မနေရသနည်း။ ကျွန်တော် မြင်ဖူးသော လူငယ်တချို့၏ ဥပမာရှိပါသည်။

တစ်ယောက်သော သူက မိဘမျိုးရိုး တောင့်တင်းပါသည်။ မောင်နှမညီအစ်ကို များစွာရှိပါသည်။ သို့သော် မိဘနှစ်ပါးကွဲသွားသောအခါ မိသားစု ဖရိုဖရဲဖြစ်၍ မိခင်နှင့်အတူနေရသည်။ သူက အငယ်ဆုံးယောကျ်ားလေးဖြစ်သော်လည်း အစ်ကို၊ အစ်မများက သူ့ကိုဂရုမစိုက်ကြပေ။ ငယ်စဉ်ကတည်းက ချောမောသော ထိုကောင်ကလေးသည် ကြီးတော့ ပိုချောလာသည်။ မိန်းကလေးများ သဘောကျကြပါသည်။ သို့သော် သူအပေါင်းအသင်းမှား၍လားမသိ။ အချိန်ကာလ တစ်ခုမှာ စွဲလမ်းစရာတစ်ခုတွေ့ပြီး သူ့ကိုနိုင်သွား၍ သူ့ကို ပညာပေးမည့်နေရာသို့ ရောက်သွားခဲ့လေသည်။

နောက်တစ်ယောက်ကလည်း ထိုယောကျ်ားလေးကဲ့သို့ အငယ်ဆုံးယောကျ်ားလေးပင်ဖြစ်သည်။ သူကတော့ ချမ်းသာသည့်မိသားစုက ခေါ်မွေး၍ ချမ်းသာသွားကာ ငွေကိုရေလိုသုံးမိပြီး အပေါင်းအသင်းမှားကာ စွဲလမ်းစရာတစ်ခု တွေ့သွားသူဖြစ်သည်။ သူကတော့ ကျွန်တော်နှင့်ဝေးသွားပြီး ပြန်တွေ့သည့်တိုင် ယခင်ပုံအတိုင်း ထိုစွဲလမ်းမှုပြတ်သည့်ပုံ မပေါ်သေးပေ။

ထိုနှစ်ယောက်ကို ကျွန်တော်ကောင်းစွာ လေ့လာဖူးပါသည်။ အိပ်ချင်နေသော မျက်လုံးများ၊ ညိုမည်းနေသော မျက်ကွင်းများ၊ ယားယံနေသော ခန္ဓာကိုယ်၊ ထိုင်းမှိုင်းလေးလံနေသောစိတ်တို့ဖြင့် လူငယ်ဖြစ်သော သူတို့နှစ်ဦး လူငယ်ကဲ့သို့ရှိမနေပေ။ သူတို့ကို အဓိကပြုစားထားသည့်အရာနှင့် သူတို့စွဲလမ်းနေသောအရာကို ဘာဟုထင်ပါသနည်း။ အခြားတော့ မဟုတ်ပေ။ မူးယစ်ဆေးဝါးများဖြစ်ပါသည်။

မိသားစုအရေးကြောင့် ဆေးချရသည်လား။ အပျော်အပါးမက်၍ ဆေးစွဲရသည်လား။ သည်ဘက်ခေတ်မှာ အလွယ်တကူ မရနိုင်သော မူးယစ်ဆေးကို သူတို့မို့ ရှာဖွေသုံးစွဲနိုင်သည်ပဲထား။ ဖမ်းဆီးခံရမှာ မကြောက်တော့အောင် ဘယ်လိုအရာများက ဆွဲဆောင်ထားပါသနည်း။

အချိန်အခိုက်အတန့်ကလေး သာယာမိန်းမူးရန် ဘဝကိုဆက်တိုက် အရှုံးခံရခြင်းကတော့ မတန်လှပေ။ ဆေးချသူတို့ ဆိုနေကျစကားရှိသည်၊ နတ်သမီးလေးများနှင့် ငြိမ့်နေသည်တဲ့။ တကယ်တော့နတ်ဆိုးများနှင့် မိတ်ဖွဲ့နေခြင်းပင်။ သူတို့ကို ကြည့်ရသည်မှာ ယာယီခဏသာယာနေပုံပင်။ ရေရှည်မှာ ကျန်းမာရေး ထိခိုက်၍ အသက်ဆုံးရှုံးမည်ကို မစိုးရိမ်တော့။

ကျွန်တော်နှင့်ရင်းနှီးသော မိသားစုတစ်စုမှာ လူငယ်တစ်ဦး မူးယစ်ဆေးကြောင့် အသက်ဆုံးခဲ့ဖူးသည်။ နာမည်ကျော်ကြား၊ လူကြိုက်များသော အနုပညာရှင်တစ်ဦး မူးယစ်ဆေးကြောင့် မကြွေသင့်ဘဲ ကြွေလွင့်သွားခဲ့ရသည်မှာ ရင်နင့်စရာ။ ကမ္ဘာပေါ်မှာရော၊ မြန်မာပြည်မှာပါ လက်ညှိုးထိုးပြစရာ သာဓကအများကြီးပင်။

ပြန်လေ့လာကြည့်လျှင် အကျိုးအမြတ်က လုံးဝမရှိ၊ ကျွန်တော်ကတော့ ထိုသို့ဖြစ်နေသည့်အထဲ လူငယ်များမပါဝင်စေချင်။ ကျွန်တော်တို့သည် ဘဝကို လွယ်လွယ်နှင့်တည်ဆောက်ထားသူများ မဟုတ်ကြ။ ကျွန်တော်တို့ဘဝမှာ သန့်စင်သော ကလေးငယ်ဘဝရှိခဲ့ဖူးသည်။ အပြစ်မရှိအောင် ကြိုးစားနေထိုင်ခဲ့ဖူးသည်။ ထိုသို့ နေလာပြီးမှ မိသားစုအဆင်မပြေ၍၊ အပျော်အပါးလိုက်စား၍ စိတ်စမ်းချင်၍ စသည်ဖြင့် အကြောင်းမျိုးစုံနောက်မှာ အပေါင်းအသင်းကြောင့် မူးယစ်ဆေးသုံးစွဲရမည်လား။ အဆိုတော်များ အချို့အနုပညာသမားက စျာန်ဝင်အောင် မူးယစ်ဆေးသုံးစွဲရမည်လား။ မဟုတ်သေးပါ။ ထိုသို့ဖြစ်တိုင်း၊ ထိုသို့ဖြစ်ချင်တိုင်း ဆေးသုံးစွဲရလျှင် ကမ္ဘာပေါ်ရှိလူအားလုံး မူးယစ်ဆေးကြောင့် လူညွန့်တုံးသွားတော့မည်။ လူငယ်လေးတစ်ယောက် ဆေးလိပ်သောက်တတ်လာလျှင် သတိထားကြည့်ပါ။ မျက်နှာတဖြည်းဖြည်း ရင့်ရော်လာပါသည်။ လူငယ်အရွယ်နှင့် လူကြီးမျက်နှာ ပိုင်ဆိုင်လာပါသည်။ အရက်သောက်သူ လူငယ်သည်လည်း ရင့်ရော်အိုမင်းလာစမြဲ။ ဤသည်မှာ အပေါ်ယံရုပ်ပိုင်းဆိုင်ရာလောက်သာ ထောက်ပြခြင်းပါ။ ကျန်းမာရေးရှုထောင့်က လေ့လာကြည့်ပါဦး။ ကောင်းတာမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ထိုအရာများက ထိုမျှရင့်ရော်စေပါလျှင် သေစေသော မူးယစ်ဆေးကတော့ အနေးနှင့်အမြန် တုံ့ပြန်ပါလိမ့်မည်။ ကြည်လင်ရှင်းသန့်ရာမှ ညိုပုပ်မည်းနက်မှု၊ နုပျိုခြင်းမှ ရင့်ရော်မှု၊ သွက်လက်တက်ကြွမှုမှ ထိုင်းမှိုင်းလေးလံ လူဝင်မဆံ့မှု၊ အလိုလိုသိမ်ငယ်မှု၊ မသိမသာလူဖြစ်ရှုံးမှု စသည်ဖြင့် အားလုံးသော အရာတို့သည် မူးယစ်ဆေးကြောင့် ပြောင်းလဲသွားခြင်းဖြစ်ပါသည်။

ဆေးလိပ်၊ အရက်၊ မိန်းမလိုက်စားခြင်းတို့သည်လည်း လူငယ်တစ်ယောက်အတွက် မကောင်းသော ပြောင်းလဲမှုကို ဖြစ်စေတတ်သော်လည်း မူးယစ်ဆေးလောက်မဆိုးဘူးဟု ထင်စရာရှိသည်။ သို့သော် မူးယစ်စေတတ်၍ မူးယစ်ဆေးဟုပင် အမည်တပ်ရမည်ပင်ဖြစ်သည်။

ကျွန်တော်သည် လူငယ်ဘဝမှ လူကြီးဘဝ ကူးပြောင်းခါစဖြစ်၍ နုပျိုသောလူငယ်မျက်နှာလေးများကိုမြင်လျှင် အင်မတန်အားကျပါသည်။ တစ်ခါ ပြန်နုပျိုချင်ပါသည်။ တက်ကြွသော အားမာန်ရှိ၍ သွက်လက်သော်ငြား နုပျိုခြင်းကို လူငယ်တစ်ယောက်လို မရနိုင်တော့သည်မှာ လူကြီးဖြစ်စ လူငယ်တစ်ယောက်အတွက် ခံရခက်သော ဝေဒနာကဲ့သို့ပင်။

လူငယ်စစ်စစ်များ ထိုဝေဒနာမရခင်မှာ မိမိပိုင်ဆိုင်သော နုပျိုခြင်း၊ သွက်လက်တက်ကြွခြင်း၊ တစ်နည်းဆိုရလျှင် လူငယ်ဂုဏ်ဒြပ်များကို မပျက်စီးစေလိုပေ။ ကျွန်တော်တို့ပိုင်ဆိုင်သော လူငယ်ဘဝသည် အပြစ်ကင်းမဲ့ပါသည်။ ထိုဘဝကို မူးယစ်ဆေးများဖြင့် အပြစ်ရှိအောင်လုပ်ပြီး မဖျက်ဆီးပါနှင့်။

လူငယ်တစ်ယောက်သည် ပင်ကိုမျက်နှာ၏ ဖော်ဆောင်မှုအရ နုပျို၍ အပြစ်မဲ့သကဲ့သို့ မြင်သောသူတိုင်းခံစားရပါသည်။ ကျွန်တော်သည်လည်း လူငယ်များ ဘယ်လိုအပြစ်မျိုးလုပ်မိပါစေ သူတို့၏ နုပျိုသော မျက်နှာများကိုကြည့်ကာ မသိနားမလည်၍ လုပ်မိသောအပြစ်သာ ဖြစ်လိမ့်မည်ဟု လက်ခံပြီး အပြစ်မဲ့သည်ဟုသာမြင်ကာ နိုင်ငံ့အနာဂတ်အတွက် အားထားရမည့်လူငယ်များကို ချစ်ခင်လေးစားပါသည်။ ထိုသို့ အပြစ်မဲ့၍ချစ်ခဲ့သော လူငယ်များကို ဘယ်လိုအကြောင်းကြောင့်မျှ အပြစ်မရှိစေချင်ပေ။

အပြစ်မဲ့သော လူငယ်များကို ပျက်စီးစေမည့် လူငယ်ဂုဏ်ဒြပ်ကို ဖျက်ဆီးမည့် မူးယစ်ဆေးကြောင့် သူတို့အသက် ဆုံးပါးသည်ထိ မဖြစ်စေလိုပေ။ ထိုလူငယ်များ၏ နုပျိုခြင်းဖြင့် တိုင်းပြည်ကို ရှေ့ဆက်တည်ဆောက်ရ မည်ဖြစ်၍ အချိန်တန်လျှင်၊ ရလာမည်ဖြစ်သော ရင့်ကျက်ခြင်းမှလွဲလျှင် လက်မခံသင့်သော ပြောင်းလဲမှုမျိုးကို လူငယ်များ မကြုံဆိုမိစေရန် တိုက်တွန်းလိုက်ရပါသည်။

---

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ML

# လာမဲ့ စနေနေ့ညမှာယှဉ်ပြိုင်ကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်တွေထဲက နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ မန်စီးတီး၊ ပါးမား၊ ဝါဒါဘရီမင်အသင်းတို့ကို အားပေးရမှာပါ




ဥရောပပွဲစဉ်တွေဟာ ပုံမှန်အတိုင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး အခုတစ်ပတ်မှာ အမှတ်ပေးပြိုင်ပွဲတွေအနေနဲ့လဲ မရပ်နားဘဲ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကြားရက် ချန်ပီယံလိဂ်ပွဲစဉ်တွေမှာဆိုရင် အသင်းတွေအနေနဲ့ ပွဲဆက်တွေများလာတာနဲ့အမျှ မထင်မှတ်တဲ့ရလဒ်တွေထွက်ပေါ်လာခဲ့ပြီး ပရီးမီးယားလိဂ်အသင်းတွေအနေနဲ့လဲ အခြားလိဂ်က ပြိုင်ဘက်ထိပ်သီးအသင်းတွေနဲ့ တွေ့ဆုံခဲ့ကြပါတယ်။ ချဲလ်ဆီးအသင်း ဘာစီလိုနာအသင်းနဲ့တွေ့ဆုံရာမှာ သုံးဂိုးပြတ်နဲ့ ခြေစွမ်းပြအနိုင်ကစားခဲ့ပေမဲ့ မန်စီးတီးနဲ့ နယူးကာဆယ်အသင်းတို့ကတော့ ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ ဒါ့ပြင် အာဆင်နယ်အသင်းက ဂျာမန်ထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ယခုဘောလုံးရာသီမှာ ပရီးမီးယားလိဂ်ပြိုင်ပွဲနဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာပါ အကောင်းဆုံးခြေစွမ်းတွေနဲ့ အမှားအယွင်းမရှိဖြတ်ကျော်နေတာဖြစ်ပါတယ်။ ဒါ့ပြင် အခြားလိဂ်က ကလပ်တွေဖြစ်တဲ့ ပီအက်စ်ဂျီ၊ မာဆေး၊ နာပိုလီ၊ ရီးရဲလ်မက်ဒရစ်၊ ဒေါ့မွန်၊ ဂျူဗင်တပ်၊အတ္တလန္တာ၊ အေတီကို စတဲ့အသင်းတွေ နိုင်ပွဲရရှိခဲ့ကြပြီး ချန်ပီယံလိဂ်ပြိုင်ပွဲနောက်တစ်ဆင့်တက်ရောက်ဖို့ကလဲ အကောင်းဆုံးအနေအထားကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒါ့ကြောင့် အကြိတ်အနယ်ရှိလာတဲ့ပြိုင်ပွဲတွေနဲ့အတူ အသင်းတစ်ချို့အနေနဲ့ကလဲ အမှတ်ပေးပြိုင်ပွဲတွေ ဆက်တိုက်ယှဉ်ပြိုင်ကစားကြရမှာဖြစ်တာကြောင့် အကောင်းဆုံးပြင်ဆင်လာကြမှာဖြစ်လို့ ဒီတစ်ပတ်ရဲ့အမှတ်ပေးပြိုင်ပွဲမှာ အကောင်းဆုံးရလဒ်တွေရရှိလာနိုင်မဲ့ အသင်းတွေကို ရွေးချယ်သုံးသပ်တင်ပြလိုက်ရပါတယ်။

## မန်စီးတီးအသင်း နိုင်ပွဲပြန်လည်ရရှိသွားမှာပါ

မန်စီးတီးအသင်းဟာ လိဒ်အသင်းကို ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပြီး ပြီးခဲ့တဲ့ပွဲစဉ်(၁၂)မှာတော့ သူတို့အသင်းအနေနဲ့ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် မန်စီးတီးအသင်းဟာ ကြားရက်ချန်ပီယံလိဂ်ပွဲစဉ်မှာလဲ ဂျာမန်ကလပ် လေဗာကူဆင်အသင်းကို အိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့သလို နည်းပြဂွာဒီယိုလာအနေနဲ့လဲ အသင်းရဲ့လက်ရှိကိုင်တွယ်မှုမှာ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပြီပဲဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ ပွဲစဉ် ၁၂ ပွဲယှဉ်ပြိုင်ကစားထားပြီး ခုနစ်ပွဲနိုင် တစ်ပွဲသရေ လေးပွဲရှုံးရလဒ်ရရှိထားကာ ရမှတ် ၂၂ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပါတယ်။ ဒါပေမဲ့ လက်ရှိရပ်တည်မှုမှာ သူတို့အသင်းအောက်မှာရပ်တည်နေတဲ့ အေဗီလာ၊ ပဲလေ့စ်၊ ဘရိုက်တန်၊ ဆန်းဒါးလန်း၊ ဘုန်းမောက်အသင်းတို့နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသလို အဆင့်(၁)နေရာက အာဆင်နယ်အသင်းနဲ့ ခုနစ်မှတ်ကွာဟပြီး အဆင့်(၂)နေရာက ချဲလ်ဆီးအသင်းနဲ့ တစ်မှတ်သာကွာဟနေတာကြောင့် အခုလိဒ်အသင်းနဲ့ အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရရှိအောင် အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။

လိဒ်အသင်းကတော့ ပရီးမီးယားလိဂ်ပွဲစဉ် ၁၂ ပွဲကစားအပြီးမှာ သုံးပွဲသာအနိုင်ရထားပြီး နှစ်ပွဲသရေ ခုနစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၈)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲနိုင် ငါးပွဲရှုံးရလဒ်ရရှိထားတာကြောင့် ခြေစွမ်းပိုင်းဆိုးရွားနေတယ်လို့ ဆိုရမှာပါ။ ပြီးခဲ့တဲ့နောက်ဆုံးပွဲစဉ်သုံးပွဲမှာဆိုရင် လိဒ်အသင်းဟာ ဘရိုက်တန်အသင်းကို သုံးဂိုးပြတ်၊နော့်တင်ဟမ်အသင်းကို သုံးဂိုးတစ်ဂိုး၊ အေဗီလာအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိအဝေးကွင်းခံစစ်ပိုင်းကလဲ ကျဆင်းနေတာဖြစ်ပါတယ်။ လိဒ်အသင်းဟာ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းပွဲစဉ်ခြောက်ပွဲယှဉ်ပြိုင်ကစားထားပြီး တစ်ပွဲသာအနိုင်ရထားကာ ငါးပွဲရှုံးနိမ့်ထားသလို တိုက်စစ်ပိုင်းက လေးဂိုးရရှိခဲ့ပြီး ခံစစ်ပိုင်းက ၁၅ ဂိုးထိ ပေးထားရပါတယ်။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ မန်စီးတီးအသင်းနဲ့ပွဲစဉ်မှာ ခံစစ်ပိုင်းကို ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ဆိုတာ ခက်ခဲနေအုံးမှာပါ။ ဒါ့ပြင် ပြိုင်ပွဲစုံနှစ်ပွဲဆက် ရှုံးနိမ့်ထားပြီး ဖိအားတွေအောက် ကျရောက်နေတဲ့ မန်စီးတီးအသင်းအနေနဲ့လဲ အခုလို အိမ်ကွင်းပွဲစဉ်မှာ အမှားမခံဘဲ တိုက်စစ်ပိုင်းက အကောင်းဆုံးပြင်ဆင်ကစားလာမှာဖြစ်တာကြောင့် လိဒ်အသင်း ရလဒ်မကောင်းနိုင်ပါဘူး။ ဒါ့ကြောင့် မန်စီးတီးအသင်းပဲ နိုင်ပွဲပြန်လည်ရရှိသွားမှာပါ။

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၃ | - | ၁ | ဘုန်းမောက် |
| မန်စီးတီး | ၄ | - | ၁ | ဒေါ့မွန် |
| မန်စီးတီး | ၃ | - | ၀ | လီဗာပူး |
| နယူးကာဆယ် | ၂ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၀ | - | ၂ | လေဗာကူဆင် |

### လိဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၃ | - | ၀ | လိဒ် |
| လိဒ် | ၂ | - | ၁ | ဝက်စ်ဟမ်း |
| ဘရိုက်တန် | ၃ | - | ၀ | လိဒ် |
| နော့်တင်ဟမ် | ၃ | - | ၁ | လိဒ် |
| လိဒ် | ၁ | - | ၂ | အေဗီလာ |

## ပါးမားအသင်းကိုပဲ အားပေးရမှာပါ

ပါးမားနဲ့ အူဒီးနီးအသင်းတို့ရဲ့ပွဲစဉ်ဟာ အီတလီစီးရီးအေပွဲစဉ်(၁၃)အဖြစ် ယှဉ်ပြိုင်ကစားကြမှာပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ် (၁၂)မှာဆိုရင် ပါးမားအသင်းက ဗီရိုနာအသင်းကို အဝေးကွင်းမှာ နှစ်ဂိုး တစ်ဂိုးနဲ့အနိုင်ရရှိပေမဲ့ အူဒီးနီးအသင်းကတော့ အိမ်ကွင်းမှာ ဘိုလော့ဂ်နာအသင်းကို သုံးဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့ပါတယ်။ အူဒီးနီးအသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ စီးရီးအေပွဲစဉ် ၁၂ ပွဲကစားထားပြီး နှစ်ပွဲနိုင် ငါးပွဲသရေနဲ့ ငါးပွဲရှုံးရလဒ်ရရှိထားပြီး ရမှတ် ၁၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၅)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီ အိမ်ကွင်းပွဲစဉ်ခြောက်ပွဲယှဉ်ပြိုင်ကစားထားအပြီးမှာ တစ်ပွဲသာအနိုင်ရရှိထားပြီး သုံးပွဲသရေ နှစ်ပွဲရှုံးရလဒ်ရရှိခဲ့ပေမဲ့ ပြီးခဲ့တဲ့စီးရီးအေ အိမ်ကွင်းပွဲစဉ်မှာ အေစီမီလန်အသင်းကို နှစ်ဂိုးစီသရေကစားထားနိုင်ခဲ့ပါတယ်။ ဒါ့ပြင် သူတို့အသင်းအနေနဲ့ အိမ်ကွင်းပွဲစဉ်တွေဆိုရင် ခြေစွမ်းပိုင်းထက်မြက်နေသလို ခြေစွမ်းပိုင်း သာမန်သာရှိတဲ့အသင်းတွေကိုလဲ ဖိအားပေးကစားနိုင်စွမ်းရှိနေပါတယ်။

ဒါ့ပြင် အူဒီးနီးအသင်းကလဲ လက်ရှိအမှတ်ပေးပွဲစဉ် ၁၂ ပွဲကစားအပြီးမှာ လေးပွဲနိုင် သုံးပွဲသရေကျထားပြီး ငါးပွဲရှုံးရလဒ်ရရှိထားကာ ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ လက်ရှိမှာ သူတို့အသင်းအနေနဲ့ နောက်ဆုံးငါးပွဲကစားအပြီးမှာ နှစ်ပွဲနိုင်သုံးပွဲရှုံးရလဒ်ရရှိထားပြီးလက်ရှိခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးဘူးလို့ ဆိုရမှာပါ။ ဒါ့ကြောင့် သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်နှစ်ပွဲမှာဆိုရင် ရိုးမားအသင်းကို အဝေးကွင်းမှာ နှစ်ဂိုးပြတ်၊ ဘိုလော့ဂ်နာအသင်းကို အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီပွဲစဉ်နှစ်ပွဲမှာဆိုရင် သူတို့အသင်းအနေနဲ့ ပြိုင်ဘက်အသင်းတွေကို အဘက်ဘက်က ယှဉ်ပြိုင်ကစားနိုင်စွမ်းမရှိခဲ့သလို ဘာတိုလာ၊ ကာဘာစီလီတို့လို ခံစစ်ကစားသမားတွေရဲ့စွမ်းဆောင်ရည်ပိုင်းဆိုးရွားနေတာကို တွေ့ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဒီနှစ်သင်း တွေ့ဆုံမှုနှစ်ကြိမ်မှာ အူဒီးနီးအသင်းက နှစ်ကြိမ်စလုံးအနိုင်ရထားပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ လက်ရှိခြေစွမ်းပိုင်းကွာဟမှုမရှိတာကြောင့် အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတဲ့ ပါးမားအသင်းကိုပဲ အားပေးရမှာပါ။

### ပါးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပါးမား | ၀ | - | ၀ | ကိုမို |
| ရိုးမား | ၂ | - | ၁ | ပါးမား |
| ပါးမား | ၁ | - | ၃ | ဘိုလော့ဂ်နာ |
| ပါးမား | ၂ | - | ၂ | အေစီမီလန် |
| ဗီရိုနာ | ၁ | - | ၂ | ပါးမား |

### အူဒီးနီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အူဒီးနီး | ၃ | - | ၂ | လက်ချီ |
| ဂျူဗင်တပ် | ၃ | - | ၁ | အူဒီးနီး |
| အူဒီးနီး | ၁ | - | ၀ | အတ္တလန္တာ |
| ရိုးမား | ၂ | - | ၀ | အူဒီးနီး |
| အူဒီးနီး | ၀ | - | ၃ | ဘိုလောဂ်နာ |

## ဝါဒါဘရီမင်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ

ပြီးခဲ့တဲ့ပွဲစဉ်(၁၁)မှာ လိုက်ပ်ဇစ်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တဲ့ ဝါဒါဘရီမင်အသင်းအနေနဲ့ အခုပွဲစဉ်(၁၂)မှာ ကိုလုံးအသင်းကို အိမ်ကွင်းပွဲစဉ်အဖြစ် လက်ခံကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ လေးပွဲနိုင် သုံးပွဲသရေ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၅ မှတ်ရရှိထားပြီး လက်ရှိဘောလုံးရာသီအိမ်ကွင်းပွဲစဉ်တွေမှာ စွမ်းဆောင်ရည်ကောင်းမွန်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့အသင်းအနေနဲ့ အိမ်ကွင်းနောက်ဆုံးပွဲစဉ်သုံးပွဲမှာ စိန့်ပေါ်လီ၊ ယူနီယံဘာလင်၊ ဝုဖ်ဘတ်အသင်းတို့ကို အနိုင်ရရှိခဲ့ပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲသာရှုံးနိမ့်ထားတာကြောင့် အခုပွဲစဉ်မှာလဲ ကိုလုံးအသင်းကို အဘက်ဘက်က အသာစီးရယူကစားလာနိုင်ပါလိမ့်မယ်။ ဒါ့ပြင် သူတို့အသင်းရဲ့ တိုက်စစ်ပိုင်းမှာ ရှမစ်၊ ဂရူးနဲ့ အန်ဂျင်မတ်တို့လို ကစားသမားတွေအပါအဝင် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းအကောင်းဆုံးပုံစံမှာ ရှိနေတာကြောင့် ကိုလုံးအသင်းအနေနဲ့ တန်ပြန်ဖိအားပေးကစားနိုင်ဖို့ ခက်ခဲအုံးမှာပါ။

ဒါ့ပြင် ကိုလုံးအသင်းအနေနဲ့လဲ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းဆိုးရွားနေတယ်လို့ ဆိုရမှာဖြစ်ပြီး ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး လေးပွဲထိ ရှုံးနိမ့်ထားပါတယ်။ ဒါ့ပြင် သူတို့အသင်းအနေနဲ့ အဲဒီလေးပွဲမှာ ဒေါ့မွန်၊ ကိုလုံး၊ ဂလာဘတ်နဲ့ ဖရန့်ဖတ်အသင်းတို့ကို ရှုံးနိမ့်ခဲ့တာဖြစ်သလို ခံစစ်ပိုင်းအနေနဲ့လဲ ပွဲစဉ်တိုင်းမှာ ဂိုးပေးနေရတာကို တွေ့ရပါတယ်။ ကိုလုံးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် ၁၁ ပွဲယှဉ်ပြိုင်ကစားထားပြီးလေးပွဲနိုင် နှစ်ပွဲသရေနဲ့ ငါးပွဲရှုံးနိမ့်ထားပြီး အဲဒီပွဲစဉ်တွေထဲက အဝေးကွင်းနိုင်ပွဲက နှစ်ပွဲသာရရှိထားပါတယ်။ ဒါ့ပြင် နောက်ဆုံးကစားခဲ့တဲ့ ဂလာဘတ်အသင်းနဲ့ အဝေးကွင်းပွဲစဉ်မှာဆိုရင် သုံးဂိုး တစ်ဂိုးနဲ့ရှုံးနိမ့်ထားပြီး သူတို့အသင်းရဲ့တိုက်စစ်ပိုင်းက ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ပိုင်းကျဆင်းနေခဲ့တာဖြစ်ပါတယ်။ ကိုလုံးအသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာဆိုရင် ဝါဒါဘရီမင်အသင်းကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စလုံးရှုံးနိမ့်ထားပြီး နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာလဲ တစ်ကြိမ်သာအနိုင်ရရှိထားပါတယ်။ ဒါ့ကြောင့် အခုပွဲစဉ်မှာလဲ သူတို့အသင်းအနေနဲ့ ဝါဒါဘရီမင်အသင်းကို ဖိအားပေးကစားနိုင်စွမ်းမရှိတာကြောင့် ဝါဒါဘရီမင်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### ဝါဒါဘရီမင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟိုက်ဒမ်ဟိမ်း | ၂ | - | ၂ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၁ | - | ၀ | ယူနီယံဘာလင် |
| မိန့်ဇ် | ၁ | - | ၁ | ဝါဒါဘရီမင် |
| ဝါဒါဘရီမင် | ၂ | - | ၁ | ဝုဖ်ဘတ် |
| လိုက်ပ်ဇစ် | ၂ | - | ၀ | ဝါဒါဘရီမင် |

### ကိုလုံးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒေါ့မွန် | ၁ | - | ၀ | ကိုလုံး |
| ကိုလုံး | ၁ | - | ၄ | ဘိုင်ယန်မြူးနစ် |
| ကိုလုံး | ၄ | - | ၁ | ဟမ်းဘတ် |
| ဂလာဘတ် | ၃ | - | ၁ | ကိုလုံး |
| ကိုလုံး | ၃ | - | ၄ | ဖရန့်ဖတ် |

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၉၃၆၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အင်းတော် နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၉၃၆၅ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၅၉၈၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၉၃၆၅ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၇ ဒသမ ၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ စပါး ၅၅၉၈၅ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ကေ ၁၉၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါး စိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၉၂၇၁ ကေ စိုက်ပျိုးမည်

**မြောင်းမြ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၉၂၇၁ ကေ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၉၂၇၁ ကေ စိုက်ပျိုးရန် လျာထားပြီး ဒီဇင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ ပဲတီစိမ်း ၂၉၂၇၁ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲတီစိမ်းသီးနှံအပါအဝင် ဆောင်းသီးနှံတွေ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို စနစ်တကျစီမံဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ဆက်လက် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

- ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်းဆောင်ရွက်ရမည် -
- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ ရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကို နှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှု မှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာ ဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တို့ တွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ဝ၆၇-၈၁၀၃၃၄၇၊
ဝ၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We
Protect
The Family



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပျံရပ်ကွက်နေ ဦးကျော်ဝင်း(၉/မခန(နိုင်)၀၇၄၅၁၀) + ဒေါ်ခင်လှကြည်(၉/မခန(နိုင်)၁၂၁၉၂၀)ကိုင်ဆောင်သူမှ ကြေညာအပ်ပါသည်။ ၎င်းတို့၏ သားဖြစ်သူ မောင်ကိုကိုမောင် (ခ) ကျော်ကိုမှာ မိဘကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘကိုအရှက်ရအောင်ပြုလုပ်ခြင်း၊ မိဘစကားကို နားမထောင်ခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြေညာပါသည်။ နောက်နောင်တွင် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဝင်း + ဒေါ်ခင်လှကြည်
(၉/မခန(နိုင်)၀၇၄၅၁၀) (၉/မခန(နိုင်)၁၂၁၉၂၀)
ယာဉ်ပျံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။





(၂၅)ကြိမ်မြောက် 5 Digits
အောင်ဘာလေအွန်လိုင်းထီ လက်မှတ်များကို
နိုဝင်ဘာလ(၁၆)ရက်နေ့မှ (၃၀) ရက်နေ့အထိ
စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!

A,B,C က,ခ,ဂ
F,G,H စ,ဆ,ဇ
Z,RA,LA ယ,ရ,လ
U,V,Y ပ,ဗ,မ
TH,HA သ,ဟ
P,Q,T တ,ထ,န
AH အ

Call Center 777 (or)
09 677 000 777
Scan Me

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။



## အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦးအလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားလိုသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉ လမ်း၊ ၂၇-၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း ၀၉-၇၅၀၅၆၇၆၉၄


## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက-ပလိပ်၊ Grade-5(A)တွင် ပညာသင်ကြားနေသော မောင်ညီညီနိုင်၏ဖခင်အမည်မှန်မှာ ဦးထွန်းနောင်ထွန်း (ခ) ဦးဇော်ဝင်းလှိုင်(၈/ဂဂန(နိုင်)၀၈၂၈၁၅)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွန်းနောင်ထွန်း (ခ) ဦးဇော်ဝင်းလှိုင်


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။


## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးရွာနေ မခိုင်ဇင်ဦး (ဘ) ဦးကျော်နိုင်ဦး(၉/ဝတန(နိုင်)၁၉၄၈၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-077883)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-884520673


သင့်သွေးဖြင့်
အသက်ကယ်ပါ



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နှာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



❖ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် တိုင်းရင်းသားများနှင့်လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(MMP-Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများကို စတင်ချိုပ်ပိတ်သိမ်းဆည်း

စာမျက်နှာ - ၂၅


ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော် ဖမ်းဆီးရမိ

စာမျက်နှာ - ၂၆

## ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်

နေပြည်တော် နိုဝင်ဘာ ၂၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသည့် အားကောင်းသောမုန်တိုင်းငယ်(Deep Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး စာမျက်နှာ ၂၆ ကော်လံ ၁ ❑




## ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



နိုဝင်ဘာ ၂၅ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းနောင်မြို့၏ အရှေ့တောင်ဘက် နောင်ထောက်ကျေးရွာအနီး အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် လောင်းကစားမှုများလုပ်ဆောင်ခဲ့သည့်နေရာကို ဝင်ရောက်ရှာဖွေစစ်ဆေးဖော်ထုတ် မီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၂၆ ဦးနှင့် မြန်မာနိုင်ငံသား ရှစ်ဦးကို အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
